# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၂)၊ အမှတ် (၁၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အမြဲမပြတ်ဆောင်ရွက်ပေးလျက်ရှိ မိမိတို့တစ်ဦးချင်းစီ၏ တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ ဟိုင်းကြီးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❊




မြန်မာ့အလင်း

# ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများ အလေးအနက်ခံယူအပ်သည့် ပြည်ထောင်စုစိတ်ဓာတ်

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသည် ၇၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို သက်သေစိုက်ထူခဲ့သည့် အထိမ်းအမှတ်ဖြစ်သော ပြည်ထောင်စုနေ့သည် စိန်ရတုလွန် (၇၆) နှစ်မြောက်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ဂုဏ်ယူဖွယ်များစွာနှင့်အတူ သင်ခန်းစာယူဖွယ်များကိုလည်း တွေ့ရှိနိုင်သည်။ အတိတ်သမိုင်းတွင် မြန်မာနိုင်ငံတော်ကြီး ထွန်းလင်းတောက်ပခဲ့သည့် အခါသမယများသည် နိုင်ငံအတွင်း စည်းလုံးညီညွတ်ခြင်းဖြင့် တစ်သွေးတည်း၊ တစ်သံတည်း အင်အားခိုင်မာတောင့်တင်းခဲ့သော အချိန်များဖြစ်ပြီး မြန်မာတို့ ဘုန်းတန်ခိုးမှိန်သည့် ကာလသည် ဝါးအစည်းပြေသကဲ့သို့ စည်းလုံးညီညွတ်မှု ပြိုကွဲသော ကာလပင်ဖြစ်သည်။ အဆုံးစွန်သော အခြေအနေတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု ဆုံးရှုံးခဲ့ရပြီး ကျွန်သပေါက်ဘဝဖြင့် နိုင်ငံပျောက်ကွယ်သွားခဲ့ရသည်။

မိမိတို့နိုင်ငံကို လာရောက်သိမ်းပိုက်အုပ်စိုးခဲ့သူတို့သည် လောဘကြီးသလောက် ပရိယာယ်ကြွယ်ဝသူများလည်း ဖြစ်သည်။ လက်အောက်ခံဘဝရောက်ရှိနေသော လူမျိုးများကို မည်သို့အုပ်ချုပ်မည်၊ အချိန်တန်၍ သူ့လူမျိုး သူ့နိုင်ငံ ဟူ၍ မဖြစ်မနေ ပြန်လည်ပေးအပ်လျှင်ပင် မည်သို့ပေးအပ်မည် စသည်တို့အတွက် နယ်ချဲ့တို့၏ ပရိယာယ်များမှာ အပေါ်ယံ လေ့လာရုံဖြင့်မရ။ တိုင်းရင်းသားလူမျိုးများစွာ စုပေါင်းနေထိုင်ကြသော နိုင်ငံတစ်နိုင်ငံအတွက် အလွယ်တကူအုပ်ချုပ်နိုင်ရန် အလုပ်အဖြစ်ဆုံး နည်းလမ်းမှာ သွေးခွဲအုပ်ချုပ်သည့် နည်းလမ်းပင်ဖြစ်သည်။ နိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို အနိုင်ကျင့်ရယူရန်သာ အဓိကထားသည့် နယ်ချဲ့အစိုးရအဖို့ တွက်ခြေကိုက်သည့် နည်းလမ်းလည်းဖြစ်သည်။

တောင်တန်းဒေသများနှင့် ပြည်မကို ခွဲခြားအုပ်ချုပ်ခြင်း၊ တောင်တန်းဒေသများကိုလည်း လူမျိုးအလိုက် ထပ်မံခွဲခြမ်းခြင်း၊ ယင်းဒေသများတွင် နယ်ချဲ့လက်အောက်ခံ ပဒေသရာဇ်စနစ်ကို ဆက်လက်အသက်သွင်းထားခြင်း၊ ကူးလူးဆက်ဆံမှုများ ကန့်သတ်ခြင်း၊ ဖွံ့ဖြိုးမှုနိမ့်ကျသော လူမျိုးများ၊ ဒေသများအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်အောင် သွေးခွဲသပ်လျှိုခဲ့သည့် ရလဒ်များမှာ မိမိတို့နိုင်ငံအတွက် မျိုးဆက်နှင့် ချီနေပြီဖြစ်သော လက်နက်ကိုင်ပဋိပက္ခများ၏ အဓိကအကြောင်းရင်းခံပင်ဖြစ်သည်။ ယင်းအတွက် တစ်ခုတည်းသောအဖြေမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့ မိန့်ခွန်းတွင် "ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီး တစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာ အရေးကြုံရင် တစ်ဦးက မပစ်ပယ်ဘဲ တလုံးတစည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့ စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့ စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့ စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်။" ဟူ၍ ရှင်းလင်းစွာ ဖွင့်ဆိုပြောကြားခဲ့ရာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို ပြည်ထောင်စုဖွားအားလုံးက အလေးအနက် ခံယူကြရန် လိုအပ်သည်ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါကြောင်း။ ။

# သံအမတ်ကြီး ဦးတင်ယု အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မတ်တွန်း ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ၊ အဘူဒါဘီမြို့ရှိ Qasr Al-Watan နန်းတော်၌ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မတ်တွန်း ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (ယာပုံ) သတင်းစဉ်



# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

**နေပြည်တော်၊ ဖေဖော်ဝါရီလ ( ၈ ) ရက်**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၃ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်သည့် တီထွင်ဆန်းသစ်မှုများနှင့် စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) ပြိုင်ပွဲတွင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။
- (ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။
- (ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။
- (ဃ) ကွန်ပျူတာစာလုံးMyanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်း အကွာအဝေး ၁.၅ (Line Spacing 1.5) ၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။
- (င) ပြိုင်ပွဲဝင်များပေးပို့သည့် စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့် စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများ မဖြစ်စေရပါ။
- (စ) ဆုရွေးချယ်ခံရခြင်း မရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည် မဟုတ်ပါ။
- (ဆ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူ ခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆု စုစုပေါင်း (၃) ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard / Soft –copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၃ ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၀၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswmncw2023@gmail.com သို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး အမှတ်စဉ် ၂ (ဂ၊ ဃ ၊ င) ပါ စည်းကမ်းချက်များနှင့် မကိုက်ညီသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၅။ ဆုရရှိသူများကို ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၊MICC-II နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# စစ်တွေကမ်းခြေပတ်လမ်း ကျောက်ချောခင်းခြင်းနှင့် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

စစ်တွေမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း စစ်တွေကမ်းခြေပတ်လမ်း အကျယ်ပေ ၂၀ ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ကျောက်စီမြေထိန်းနံရံ အရှည် ၅၃၂ ပေ တည်ဆောက်ခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့ (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၄၇၅ ဒသမ ၆၀၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီလေးခုက တာဝန်ယူဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး(ဝဲပုံ) လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြကြောင်း သိရသည်။

**သတင်းစဉ်**

* *ရှေ့မှ*

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

### မိမိတို့ တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာ၌ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပြီး တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ) ဟူ၍ မြေပြင်၊ ရေပြင်၊ ဝေဟင် လုံခြုံရေးတာဝန်များကို စုပေါင်းအားဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် ကာကွယ်ရေးလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ မိမိတို့၏ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရမည်ဖြစ်ပြီး အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စစ်သည်တိုင်း မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် လုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိကိုယ်ကို အကျိုးမရှိစေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကိုလည်း ရှောင်ကြဉ်ရမည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်အောင် နေထိုင်ရမည်ဖြစ်ကြောင်း၊ **မိမိကိုယ်ကို ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းမရှိပါက မိမိအပြင် မိမိ၏မိသားစု၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်အောင် အသိတရားနှင့်ယှဉ်၍ နေထိုင်စားသောက်ရမည်ဖြစ်**ကြောင်း၊ စစ်သည်တိုင်း ကျန်းမာကြံ့ခိုင်ပြီး အင်ပြည့်အားပြည့်ဖြင့် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း။

### တစ်ဦးချင်း၏ ဘဝတိုးတက်ရေးနှင့် စည်းကမ်းစနစ်တကျရှိစေရေး

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့ တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများကို မြှင့်တင်နေရမည်ဖြစ်ပြီး တပ်မတော်မှ တာဝန်ထမ်းဆောင်မှုအလိုက်၊ အဆင့်အလိုက် တက်ရောက်ရမည့်သင်တန်းများ၌လည်း အမြဲမပြတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိဘဝတိုးတက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ရရှိစေရေးအတွက်လည်း သက်ဆိုင်သည့် စာပေများကို ဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘဝတိုးတက်ရေးအတွက် မဖြစ်မနေ လိုအပ်သည့် စာပေဖတ်မှတ်ခြင်းများကို လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ **စာဖတ်ခြင်းမှ ရရှိလာသည့် အသိပညာ ဗဟုသုတနှင့် အတတ်ပညာများသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်**ကြောင်း၊ မိမိတို့ သိရှိထားသည့် အသိပညာ ဗဟုသုတများကိုလည်း အချင်းချင်းပြန်လည်မျှဝေပေးခြင်းဖြင့် တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် လူမှုပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ **ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်**ကြောင်း၊ **တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်**ဖြစ်ကြောင်း၊ မိဘတို့မည်သည် သားသမီးများအပေါ် မကောင်းသည်ကို တားမြစ်ပြီး ကောင်းရာများကို ညွှန်ပြကြကြောင်း၊ တပ်မတော်အတွင်း၌ စည်းကမ်းများ ချမှတ်ထားခြင်းသည် စနစ်တကျရှိမှုနှင့် စုစည်းညီညွတ်မှုရှိစေရန်အတွက်ဖြစ်ပြီး မလိုလားအပ်ဘဲ တင်းကျပ်ထားခြင်းမျိုး မဟုတ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ တာဝန်ထမ်းဆောင်ရမည့်သူများဖြစ်သည့်အတွက် အမိန့်နာခံမှုကောင်းပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး၊ မလိုလားအပ်ဘဲ အသက်အန္တရာယ်ထိခိုက်မှုများ မဖြစ်ပေါ်စေရေးတို့အတွက် အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို ချမှတ်ထားခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရမည်ဖြစ်ကြောင်း။

> ❖ **ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံ ရှိရမည်ဖြစ်၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်**

### တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး

လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကိုပါ ထမ်းဆောင်ရလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပေါ်မှုများကြောင့် နိုင်ငံ၏ စီးပွားရေးသည်လည်း ကျဆင်းခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်စေရေး ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ဆောင်ရွက်ခဲ့သောကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ အရာရှိ၊ စစ်သည်၊ မိသားစုများသည်လည်း တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် မိမိတို့ စားဝတ်နေရေးအတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် သက်သာချောင်ချိမှုကို ဖြစ်စေခဲ့ပြီး ယခုကဲ့သို့ အခြေအနေတွင်လည်း အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခြင်းဖြစ်ကြောင်း။

### ပညာရည်မြင့်မားရေး

ပညာရေးနှင့် ပတ်သက်၍ နိုင်ငံသားတိုင်း KG+9 ပညာအရည်အချင်း ပြီးမြောက်စေရေး ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွက်လာရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို ကောင်းမွန်သည့် ပညာအမွေများ ပေးနိုင်ရမည်ဖြစ်ပြီး မိမိ၊ တပ်မတော်နှင့် တိုင်းပြည်အတွက် အားကိုးအားထားရသည့်

*စာမျက်နှာ ၅ သို့*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးထံ ပေးအပ်စဉ်။

> ◆ **မိမိကိုယ်ကို ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းမရှိပါက မိမိအပြင် မိမိ၏မိသားစု၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ကျန်းမာကြံ့ခိုင်အောင် အသိတရားနှင့်ယှဉ်၍ နေထိုင်စားသောက်ရမည်ဖြစ်**
>
> ◆ **စာဖတ်ခြင်းမှ ရရှိလာသည့် အသိပညာ ဗဟုသုတနှင့် အတတ်ပညာများသည် မိမိတို့ တစ်ဦးတစ်ယောက်ချင်း၏ ဘဝတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ဟိုင်းကြီးကျွန်းရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဟိုင်းကြီးကျွန်းဒေသသည် သမိုင်းကြောင်းအစဉ်အလာရှိသည့် ဒေသတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘော





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။

ကြီးများ ဝင်ထွက်သွားလာခဲ့ကြပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရေကြောင်းတိမ်ကောသွားခဲ့ပြီး ဝင်ထွက်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွားလာမှု အဆင်ပြေစေရေးအတွက် များစွာ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာ အဆောက်အဦများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးပိုင်းဆိုင်ရာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိ၏ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများနှင့် ဒေသခံများ ပညာရည်မြင့်မားတိုးတက်စေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားတိုင်း KG+9 ပြီးမြောက်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရမှု

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည့် အခြေအနေများနှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေး လူတိုင်းမဲပေးရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုကာလများနှင့် ရွေးကောက်ပွဲကာလများတွင်လည်း မဲမသမာမှုများ ဖြစ်ပေါ်စေနိုင်မည့် လုပ်ဆောင်ချက်များကို တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါကာလတွင် အစိုးရ၏ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များမှာ သံသယဖြစ်ဖွယ် တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် ရွေးကောက်ပွဲအကြိုကာလ ကြိုတင်မဲပေးချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်မှုကို အကြောင်းပြု၍ မဲမသမာမှုများ ပြုလုပ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ရွေးကောက်ပွဲရလဒ်များ ထွက်ပေါ်လာသည့်အချိန်တွင် မဖြစ်နိုင်ဖွယ်ရာ မဲစာရင်း ကွဲလွဲမှုများကို *စာမျက်နှာ ၅ သို့*

- ❑ **မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင် လုပ်ဆောင်၍ အလုပ်ဖြင့် သက်သေပြနိုင်ရမည်**
- ❑ **ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုများ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

မျိုးဆက်သစ်လူငယ်များ ဖြစ်လာရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အရာရှိ၊ စစ်သည်များ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အမြဲမပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်သည် အဆင့်အတန်းအားလုံး စည်းကမ်းစနစ်တကျရှိပြီး မိမိတို့ တစ်ဦးချင်းစီ၏ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးက ရေတပ်စခန်းဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ အရာရှိ၊ စစ်သည်များ၏ ပညာရည်မြှင့်မားရေးနှင့် ဗဟုသုတများ ရရှိစေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

တွေ့ရှိရသည့်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် မဲစာရင်းစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းကြီးမားစွာ ကွဲလွဲမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် မိမိတို့အနေဖြင့် တာဝန်ရှိသူများကို အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း ၎င်းတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မ ရယူရန်အထိ ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခု အခြေအနေထိ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစပိုင်းတွင် ဆူပူမှုများသာရှိသော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်ခြင်း၊ လုယက်သတ်ဖြတ်ခြင်းများအထိဖြစ်ပေါ်လာကြောင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများကို မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိသဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များကို တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း။

**ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လို**

ဧရာဝတီတိုင်းဒေသကြီးသည် ရေခံမြေခံများကောင်းမွန်ပြီး ငါးမွေးမြူရေးလုပ်ငန်းများ အပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကိုလည်း ခရိုင်အားလုံး၌ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုထက်ပိုမိုကြိုးစား ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် ပြည်သူလူထုတို့၏ လူမှုအကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ **မိမိတို့သည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်ဦးချင်းစီ၏ တာဝန်များအလိုက် အောင်မြင်အောင် လုပ်ဆောင်၍ အလုပ်ဖြင့် သက်သေပြနိုင်ရမည်ဖြစ်**ကြောင်း၊ မိမိတို့ စတင်တာဝန်ယူစဉ်ကာလက နိုင်ငံ၏ စီးပွားရေးသည် ကျဆင်းလျက်ရှိသည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် လက်ရှိအချိန်တွင် နိုင်ငံ့စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆောင်ရွက်ရန်အတွက် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် အခက်အခဲများရှိနေသေးကြောင်း၊ ရွေးကောက်ပွဲကို ကျင်းပရာတွင် ပြည်သူလူထုက လက်ခံသည့် သိက္ခာရှိသည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ရမည်ဖြစ်ကြောင်း၊ **ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့်ရွေးကောက်ပွဲ ကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ ထို့ကြောင့် နိုင်ငံ့တာဝန် ထမ်းဆောင်နေသူများအနေဖြင့်လည်း ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိုင်းကြီးကျွန်းမြို့နှင့် ငပုတောမြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည် ပြည်သူ့အကျိုးနှင့် ပတ်သက်လာပါက မှန်မှန်ကန်ကန် ပြောဆိုဆက်ဆံရမည် ပြည်သူလူထုက လက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ပုသိမ် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အားကိုးအားထားရသည့် တိုင်းဒေသကြီးဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တည်ငြိမ်အေးချမ်းရေးမှ အစပြု၍ ဘက်ပေါင်းစုံတွင် ကောင်းမွန်သည့် အခြေအနေတွင်ရှိနေပြီး ကျေနပ်ဖွယ်ရာကောင်းသည့်၊ မိမိတို့မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သော အခြေအနေတွင် ရပ်တည်နိုင်နေခြင်းမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံး၏ ကောင်းမွန်သည့် လုပ်ဆောင်ချက်များနှင့် ဒေသခံ ပြည်သူလူထုတို့၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကောင်းမွန်သည့် လုပ်ဆောင်ချက်ကောင်းများနှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအထွက်နှုန်းထက် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်စေရခြင်းမှာလည်း တစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှ အစပြု၍ ဒေသတွင် နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေ များပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာနိုင်မည် ဖြစ်သောကြောင့်ဖြစ်ကြောင်း၊ အထွက်နှုန်း ပိုမိုကောင်းမွန်ပြီး ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်မည် ဖြစ်ကာ နိုင်ငံတော်၏ စီးပွားရေးအားသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခွန်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတွင်း လည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာပါက နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကိုလည်း ပိုမို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်း ကြိုးပမ်းကြစေလိုကြောင်း။

ထို့ပြင် ဒေသတွင်း စီးပွားရေးပိုမိုကောင်းမွန်စေရေးအတွက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အိမ်သာမှသာလျှင် ဧည့်လာမည်ဖြစ်သဖြင့် မိမိတို့နေထိုင်ရာ အိမ်၊ လမ်းမှအစပြု၍ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများကိုလည်း ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်အောင် ဆောင်ရွက်ထားရှိပါက မြင်သူအပေါင်းတို့ကို စိတ်ချမ်းမြေ့စေမည်ဖြစ်ပြီး နောင်များတွင်လည်း လာရောက်လည်ပတ်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းများကိုလည်း စည်းကမ်းစနစ်တကျဖြင့် စေတနာထား ဆောင်ရွက်ရန်လိုပြီး ဌာနများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လေကောင်းလေသန့်ရရှိရေးနှင့် အလင်းရောင်ကောင်းမွန်စွာရရှိရေးအတွက်လည်း သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များကို အလင်းဖွင့်ခြင်း၊ အောက်ခြေရှင်းခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးကိုလည်း အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တစ်ဦးချင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ရန်တာဝန်ရှိသကဲ့သို့ သတင်းလုံခြုံမှု မကျိုးပေါက်စေရေးအတွက်လည်း သတိပြုဆောင်ရွက်ကြရန် လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်ကြောင်း၊ အထက်နှင့်အောက် ကောင်းမွန်သည့်ဆက်ဆံရေး ရှိရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စေတနာ အပြည့်ဖြင့် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်နှင့် အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချင်းချင်း မိသားစုကဲ့သို့ ထိတွေ့ဆက်ဆံကာ လူမှုရေးအခက်အခဲ၊ မိသားစု အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူညီဖေးမဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

> ❖ **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တစ်ဦးချင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန် တာဝန်ရှိသကဲ့သို့ သတင်းလုံခြုံမှု မကျိုးပေါက်စေရေးအတွက်လည်း သတိပြုဆောင်ရွက်ကြရန်လို၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်**

**ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများဖြစ်**

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူများ အကြား ပေါင်းကူးပေးသည့် ပုဂ္ဂိုလ်များ၊ ဌာနများပင် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူ့အကျိုးနှင့် ပတ်သက်လာပါက မှန်မှန်ကန်ကန်နှင့် ပြောဆိုဆက်ဆံရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုက လက်ခံသည့် အစိုးရဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အချို့သော ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ၎င်းတို့၏အလုပ်ကို ကျေပွန်စွာနှင့် ပေါင်းသင်းဆက်ဆံရေးကောင်းစွာ ဆောင်ရွက်နိုင်သောကြောင့် ပြည်သူများကပင် ၎င်းတို့၏ ဒေသများ၌ပင် ဆက်လက်တာဝန်ထမ်းဆောင်ပေးရန် တောင်းဆိုရသည့် သာဓကများလည်း ရှိပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ နေရေးအထောက်အကူဖြစ်စေရန်အတွက် လိုအပ်သည့် ဖြည့်ဆည်းပေးမှုများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့ ဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှုသည် ပြည့်စုံသည်မဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်စေမည်ဖြစ်ပြီး လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင်လည်း ပိုမိုအကျိုးဖြစ်ပေါ်လာစေမည်ဟု ယုံကြည်ပါကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူဦးရေ အများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်လျက် ရှိကြောင်းနှင့် နိုင်ငံသားအားလုံး KG+9 အောင်မြင်စေရေးအတွက် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း။

**စံထားအတုယူရအောင် ဆောင်ရွက်**

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးရေးတွင် စံပြဖြစ်အောင် ဆောင်ရွက်စေလိုပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များက စံထားအတုယူရသည်အထိဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်ရွက်ချက်များအားလုံးကို အသိအမှတ်ပြုအားပေးပါကြောင်းနှင့် ဆက်လက်၍လည်း ကြိုးစားအားထုတ်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ် ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ရှေးမူလက်ရာမပျက်စေရေးနှင့် ရေရှည်တည်တံ့စေရေး အလေးထားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုရှိ သမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။**



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဂေါပကအဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။ **(ယာပုံ)**



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်ကြီးကို



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှု ပုံစံငယ်ပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုစဉ်။**

လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် တွက်ချက် ဆောင်ရွက်ရန်လိုပြီး ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီ၊ သာသနိကအဆောက်အဦများ ဖြစ်သည့်အတွက် အဘက်ဘက်မှ တွက်ချက်စိစစ်ကာ အလေးထားလုပ်ဆောင်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြတ်မော်တင် ဆံတော်ရှင်စေတီတော်၏ ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း အဆင့်လိုက်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းအဆင့်များ အားလုံးပြီးစီးပါက တွေ့မြင်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ်သဖြင့် ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရှေးမူလက်ရာမပျက်စေရေးနှင့် ရေရှည်တည်တံ့စေရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို စနစ်တကျ မှတ်တမ်းပြုစုထားရှိရန်လိုကြောင်း၊ လုပ်ငန်းစဉ်များအလိုက် စနစ်တကျဖြင့် ဆောင်ရွက်သွားရန်လိုသကဲ့သို့ ရေရှည်မျှော်တွေး၍ တွက်ချက် ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကိုလည်း တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ စေတီတော်မြတ်ကြီး၏ မူလအတိုင်း ကြည်ညိုသပ္ပာယ်မှုရှိစေရေးကိုလည်း မထိခိုက်စေရန်လိုကြောင်း မှာကြားသည်။

## ရင်ပြင်တော်တိုးချဲ့ပြုပြင်မွမ်းမံ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီး ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် အကျယ်အဝန်းသည် ၄၃ ပေခန့်သာ ကျယ်ဝန်းသဖြင့် ဘုရားဖူးလာ ရဟန်းသံဃာ မိဘပြည်သူများ သက်သောင့်သက်သာ ကျယ်ကျယ်ပြန့်ပြန့် ဖူးမြော်နိုင်ရေးအတွက် ရင်ပြင်တော်တိုးချဲ့ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများနှင့် ပုံစံငယ်ပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု၍ ရှေးဟောင်းသာသနိက အဆောက်အဦများအား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုကာ ရှေးဟောင်းသာသနိက အဆောက်အဦများအား ပြုပြင်ထိန်းသိမ်းရန် လိုအပ်လာပါက ခေတ်ကာလနှင့် လျော်ညီစွာ မူလရှေးဟောင်းလက်ရာ မပျက် ပြန်လည်ပြုပြင်မွမ်းမံ ပြင်ဆင်ရမည့် အခြေအနေများ၊ သမိုင်းမှတ်တမ်းများ ပျောက်ပျက်၍မရသဖြင့် စနစ်တကျ ထိန်းသိမ်းရန်နှင့် ပြုပြင်မွမ်းမံမှုများကိုလည်း စနစ်တကျ ဆောင်ရွက်ရမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။

## ဘက်စုံအလှူငွေများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။


ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည် ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် ယနေ့အထိ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။

နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားရှိမှုကြောင့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းခဲ့ကြရာ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေထည် ၁၂ ပိဿာ ၃၈ ကျပ်သား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၅ ပိဿာ ၇၂ ကျပ်သား၊ ကျောက်မျိုးစုံ ၉၂ ပိဿာ ၅၆ ကျပ်သား၊ ဓာတ်တော်မွေတော်၊ ပုလဲ၊ နှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များနှင့် အလှူငွေ ၇၅၁၃၇၇၆၀၀ ကျပ်တို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများရှိပါသဖြင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်ထားသည်။

သတင်းစဉ်







# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မန္တလေးမြို့အဝင် သာယာလှပရေး ဆောင်ရွက်နေမှုနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များအား (e-ID စနစ်) ကွန်ပျူတာများဖြင့် ဖြည့်သွင်းနေမှုများကို လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့နှင့်အညီ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့အဝင်သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တံခွန်တိုင် အဝိုင်းပတ်နေရာသို့ ယနေ့မွန်းလွဲပိုင်းက ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

**မြို့နေလူထု စိတ်ချမ်းမြေ့စေရေး**

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့်မူဝါဒများနှင့် ညွှန်ကြားချက်များကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မန္တလေးမြို့အား စိမ်းလန်းသောမြို့တော် (Green City) အဖြစ်ပုံဖော် ဆောင်ရွက်လျက်ရှိရာ မြို့တော်အင်္ဂါရပ်များနှင့် အညီဖြစ်စေရေး၊ မြို့နေလူထု စိတ်ချမ်းမြေ့စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ စိုက်ပျိုးထားသည့် အရိပ်ရအပင်များ၊ ပန်းအလှပင်များ ပျက်စီးမှုမရှိစေရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

**သတ်မှတ်ကာလ ပြီးစီးအောင်**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ် (၅) နှင့်အညီ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပေးနိုင်ရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့မှ ကောက်ယူထားသည့် အိမ်ထောင်စုလူဦးရေ စာရင်း (၆၆/၆) ပါ အချက်အလက်များအား (e-IDစနစ်) ကွန်ပျူတာများဖြင့် ဖြည့်သွင်းကာ Server သို့ Online မှ ပေးပို့ဆောင်ရွက်နေသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေနှင့် အောင်မြေသာစံမြို့နယ် ဦးစီးမှူးရုံးများနှင့် ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အချက်အလက်များ ရေးသွင်းရာတွင် မှန်ကန်တိကျရေး အထူးဂရုစိုက် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အိမ်ထောင်စု လူဦးရေစာရင်းများအား ကွန်ပျူတာများဖြင့် ထည့်သွင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။

တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများ၊ ဆက်စပ်ဌာန ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းများအား ကွန်ပျူတာများဖြင့် ထည့်သွင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရုံးများတွင် နိုင်ငံသားစိစစ်ရေးကတ်များ လာရောက်ဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သတင်းစဉ်

## ရတနာမာန်အောင် ငါးထပ်ကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်

**ကံမ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ် (၂) ရပ်ကွက် ကျောင်းကုန်းရပ် ဆုတောင်းပြည့် ရတနာမာန်အောင် ငါးထပ်ကြီးဘုရား ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး (ဒုတိယကြိမ်) အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါဘုရားဝင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ယွန်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက စုပေါင်းအလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

# (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၈

**(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အိမ်တော်ဝင်း၌ ကျင်းပသည်။**





ညစာစားပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ် အောင်သိန်း၊ ဒေါက်တာ ကျော်ထွန်း၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ ထူးချွန်ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဘက်စုံဖွံ့ဖြိုးအောင် ကြိုးစား**

ဂုဏ်ပြုညစာစားပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး(ယာပုံ)က (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့သဖြင့် အထူးကျေနပ်ဝမ်းသာဖြစ်မိပါကြောင်း၊ ရှမ်းပြည်နယ် တည်ငြိမ်အေးချမ်းပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပါကြောင်း၊ ပြည်နယ်အတွင်းရှိ ဒေသခံ တိုင်းရင်းသားများ၏ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း အများပြည်သူ သိရှိနိုင်ရန် ဖွင့်လှစ်ပြသနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကို ပြည်နယ်အစိုးရအနေဖြင့် ကူညီဖြည့်ဆည်းပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



(၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပစဉ်။

**ရိုးရာအကဖျော်ဖြေ**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသူများသည် (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ပအိုဝ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ပအိုဝ်းတိုင်းရင်းသားရိုးရာ အိုးစည်ဗုံမောင်းအက၊ "အာခါ" တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ "စေးစေး" သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ ရှမ်းရိုးရာအလှ ရှမ်းရိုးရာအက၊ ပလောင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၏ ပွင့်ဖူးချယ်ရီ တို့ရှမ်းပြည် သီချင်းဖြင့် ကပြဖျော်ဖြေမှု၊ လားဟူ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ လားဟူနှစ်သစ်ကူး အကသီချင်းဖြင့် ဖျော်ဖြေမှု၊ ဓနု၊ "ဝ"၊ အင်း၊ လီဆူ၊ တောင်ရိုး၊ ကိုးကန့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ ရိုးရာအကနှင့် တောင်ကြီး ဒေသခံ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုဆုငွေချီးမြှင့်**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ တိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေး ကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု၊ နေ့စဉ်အစားအသောက်၊ အာဟာရများ ကျွေးမွေးမှု၊ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်စေရေး ဆောင်ရွက်မှု၊ သင်တန်းကျောင်းရှိ စာသင်ခန်း၊ သင်ထောက်ကူပစ္စည်းများနှင့် အဆောက်အအုံများ ကြံ့ခိုင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ **(အပေါ်ယာပုံ)** သင်တန်းကျောင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများကို သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံ၍ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပြည်သူက အားကိုးအားထားပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် လိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလယ်တန်း၊ အထက်တန်းပညာ၊ သက်မွေးပညာ၊ စက်မှုလက်မှုပညာ စသည့်အတတ်ပညာများအပြင် ဘဝအခြေခိုင်မာရပ်တည်နိုင်မည့် အသိပညာများကို သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**စေတနာထားဆောင်ရွက်**

ယင်းနောက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများတိုးတက်အောင်မြင်မှုရှိစေရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် စွမ်းနိုင်သမျှ အားထုတ်ကြိုးပမ်းရေး၊ နယ်စပ်ဒေသများတွင်ရှိနေသည့် တိုင်းရင်းသားများအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် လိုအပ်ချက်များကို စေတနာထားကာ ဆောင်ရွက်ပေးရန် မှာကြားသည်။

**သင်တန်းကျောင်းဖွင့်လှစ်**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်း၊ စက်မှုလက်မှုပညာ သင်တန်းကျောင်း နှစ်ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း သုံးကျောင်း ဖွင့်လှစ်ထားရှိပြီး လူငယ်ဖွံ့ဖြိုးရေး ကျောင်းများတွင် အလယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ လည်းကောင်း၊ စက်မှုလက်မှုပညာ သင်တန်းကျောင်းများတွင် ဆောက်လုပ်ရေး၊ လျှပ်စစ်၊ ဂဟေ၊ စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင် သင်တန်းများကိုလည်းကောင်း၊ အိမ်တွင်းမှု သင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းနှင့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းတို့ကို လည်းကောင်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

**လုပ်ငန်း ၄၆ ခု ဆောင်ရွက်**

ရခိုင်ပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၀၆၄ ဒသမ ၈၀၃ သန်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းပေါင်း ၄၆ ခု ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၇၄ ဒသမ ၈၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကာ စစ်တွေမြို့၊ မင်းပြားမြို့နှင့် မောင်တောမြို့များရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုသူ ၇၉ ဦးအနက် အောင်မြင်သူ ၄၄ ဦးရှိပြီး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၂၂ ဦး ရှိကြောင်း သိရသည်။

သတင်းစဉ်

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအတွက် တာဝန်ကျေပွန်ကြပါစို့ . . . .

ဇင်ငြိမ်း



ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားနေစဉ်။

### ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုနေ့ဟု ဆိုလိုက်ပါက တစ်ပါတည်း ဆက်စပ်နေသည်က ပြည်ထောင်စုစိတ်ဓာတ် ဖြစ်ပါသည်။ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး၏ အခြေခံလည်း ဖြစ်ပါသည်။ ပင်လုံစာချုပ် ချုပ်ဆိုရာတွင် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားများအကြား ညီညွတ်ရေးသဘော တူညီမှုရရှိခဲ့ကြပါသည်။ သို့ဆိုပါလျှင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း စုစည်းနေထိုင်လိုသည့် စိတ်သဘောထားဟု ယေဘုယျဆိုနိုင်ပါလိမ့်မည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နိဒါန်းတွင် "နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း" ဟု ဖော်ပြထားသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားမှု မတွေ့ရသော်လည်း ကိုယ်စီအမြင်ဖြင့် ဖွင့်ဆိုထားကြသည်များ ရှိကြပါသည်။ ပြည်ထောင်စု စိတ်ဓာတ်တွင် ပြည်ထောင်စုဆိုသည့် ရည်မှန်းချက်နှင့် စိတ်သဘောထားဆိုသည့် ဆန္ဒအဖြစ် ရှုမြင်လိုပါသည်။ ပြည်ထောင်စုရည်မှန်းချက်ဆိုရာတွင် မတူကွဲပြားမှုများဖြင့် စုစည်းနေထိုင်ခြင်း၊ တန်းတူညီမျှခြင်း၊ အပြန်အလှန် လေးစားခြင်းစသည့်အင်္ဂါရပ်များလည်း ပါဝင်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားများအကြား ချစ်ကြည်မှု၊ တန်းတူညီမျှမှု၊ မတူကွဲပြားမှုများအား နားလည်လက်ခံမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် စုစည်းနေထိုင်လိုသည့် ဆန္ဒသဘောထားကို အခြေခံသည့်အတွက် နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်ဟု နားလည်မိပါသည်။ ထိုနိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်ရှိမှသာ ညီညွတ်ရေးရရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်ပေါ်ထွန်းရေးသည် နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံဖြစ်ပါသည်။

### အဓိက ပန်းတိုင်

ပင်လုံစာချုပ် မချုပ်ဆိုမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ည ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်တော် ဒီကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခု ရှိပါတယ်။ ဘာလဲဆိုရင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ်၊ သည်ဟာပါပဲ" ဟု ပြောကြားခဲ့သည်ကိုကြည့်လျှင် ပင်လုံစာချုပ်၏ အဓိက ပန်းတိုင်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ယင်းပန်းတိုင်သို့ လျှောက်လှမ်းကြရာတွင် တွေ့ကြုံကြရမည့် အခက်အခဲများ၊ အတားအဆီးများ၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို ညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ရင်ဆိုင်ကျော်လွှားကြရမည် ဖြစ်ပါသည်။ ထို့အပြင် ယနေ့ကမ္ဘာတွင်ဖြစ်နေသည့် ပြောင်းလဲမှု၊ ယှဉ်ပြိုင်မှု၊ တိုးတက်မှုတို့နှင့် ရင်ပေါင်တန်းနိုင်ရန် ဆိုပါက များစွာကြိုးစားကြရဦးမည်ဖြစ်သည်။ ထိုသို့ကြိုးစားရာတွင်လည်း နိုင်ငံကြီးပွားတိုးတက်ရေးအတွက် လုံလောက်သော ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်မှုရှိမှသာ အောင်မြင်နိုင်ပါလိမ့်မည်။

ကမ္ဘာပေါ်ရှိ ပဋိပက္ခများနှင့် ရုန်းကန်နေရသော နိုင်ငံတိုင်းသည် နိုင်ငံတည်ဆောက်ရန် အခြားနိုင်ငံများထက် အခက်အခဲ၊ အတားအဆီးများနှင့် ပိုမိုရင်ဆိုင်ကြရလေ့ ရှိပါသည်။ နိုင်ငံ၏ ရှိရင်းစွဲပြဿနာများသည် တိုးတက်ရေးအတွက် အဟန့်အတားများဖြစ်နေတတ်ကြပါသည်။ သို့သော်လည်း နိုင်ငံတိုင်းသည် ၎င်းအခက်အခဲများကြားမှ ကိုယ့်သမိုင်းကြောင်းနှင့်ကိုယ် ရုန်းကန်၍ တိုးတက်အောင် လုပ်ဆောင်ခဲ့ကြ ရချည်းသာ ဖြစ်ပါသည်။ ကမ္ဘာစစ်ကြီးများကြောင့် ပြာပုံဘဝရောက်ခဲ့ရသည့် နိုင်ငံများနှင့် ပြည်တွင်းပဋိပက္ခများ ခံစားခဲ့ရသည့်နိုင်ငံများပင် အခုအခါ ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဖြစ် ရောက်ရှိနေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံနည်းတူ နယ်ချဲ့တို့ သိမ်းပိုက်ခံခဲ့ရသည့် နိုင်ငံများသည် တိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိနေကြပြီ ဖြစ်သည်။ သို့ဖြစ်ရာ ကိုယ့်နိုင်ငံ၏ ပန်းတိုင်သို့ ဦးလည်မသုန် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်မှသာ အားလုံးလိုချင်သည့် ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

### ညီညွတ်ရေး

မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက် အလိုအပ်ဆုံး အရာဟုဆိုပါလျှင် ညီညွတ်ရေးဟု ပြောရပါမည်။ ညီညွတ်ရေး၏ အရေးပါမှု၊ ညီညွတ်ရေး မရှိမဖြစ်လိုအပ်မှုတို့ကို ကိုယ်စီနားလည်လက်ခံထားကြသော်လည်း လက်တွေ့ကျင့်သုံးရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး ရည်မှန်းချက်တူသည့်တိုင် အားလုံးပါဝင်သည့် စုစည်းညီညွတ်မှုမရရှိနိုင်သေးသည်မှာ ပင်လုံစာချုပ်တစ်သက်နီးပါးပင် ဖြစ်သည်။ ညီညွတ်ရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက "ညီညွတ်ရေးသည် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသောရည်ရွယ်ချက်တို့တွင် အခြေပြုရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ သို့သော်လည်း တူညီသောရည်ရွယ်ချက်ရှိသည့်တိုင် အကျိုးစီးပွားနှင့် အလုပ်တို့ မတူညီပါက ညီညွတ်မှုရရှိရန် ခက်ခဲနေနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် အကျိုးစီးပွား၊ အလုပ်နှင့် ရည်ရွယ်ချက်တို့ တူညီရန် လိုအပ်ကြောင်း ဆိုခြင်းဖြစ်ပါလိမ့်မည်။

ထိုသို့တူညီသည့်တိုင် ပြည်ထောင်စုစိတ်ဓာတ်အခြေမခံနိုင်ပါက ရေရှည်ညီညွတ်ရန် အခက်အခဲရှိနေနိုင်ပါသေးသည်။ အလားတူပင် တူညီသောအကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်များ မရှိပါကလည်း ပြည်ထောင်စုစိတ်ဓာတ်များ ဖြစ်ထွန်းရန် မလွယ်ကူနိုင်ပါ။ ယင်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေကြသည့်အတွက် ပြည်ထောင်စုသားများအတွင်း ညီညွတ်မှုတည်ဆောက်ရေးမှာ သိမ်မွေ့နက်နဲလှပါသည်။ သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်ရေးမှာ ပြည်ထောင်စုသား အားလုံး၏ တူညီသောအကျိုး အတွက် အခြေခံဖြစ်နေပါသည်။

မတူကွဲပြားသော လူ့အဖွဲ့အစည်းအတွင်း ညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ဆိုသည်မှာလည်း အလိုလိုဖြစ်တည်လာတတ်သည့်အရာများ မဟုတ်ကြပါ။ ပါးစပ်မှ တဖွဖွပြောရုံနဲ့ မရနိုင်ပါ။ လက်တွေ့မပါသော အပြောများ၊ သဘောတရားများသည် ရှေ့သို့မရောက်ဘဲ အပြောသက်သက်သာဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရန် ခက်ခဲပြီး ရေရှည်တွင် ယုံကြည်မှု လျော့နည်းစေပါသည်။ ပြည်ထောင်စုစိတ်ဓာတ်၊ ညီညွတ်မှုနှင့် ယုံကြည်မှုတို့သည် စေတနာ၊ အပြောနှင့် အလုပ်တို့ ထပ်တူကျမှုအပေါ် မူတည်ကြပါသည်။ ကံသုံးပါးဖြစ်သည့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ အစဉ်တစိုက်ညီညွတ်မှသာ အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်မှု၊ ညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ရေရှည်ခိုင်မြဲနေမည် ဖြစ်ပါသည်။

### ပြောင်းလဲနေသည့် အခြေအနေ

၂၁ ရာစု ကမ္ဘာ့အခြေအနေသည် အတွေးအမြင်၊ အယူအဆများနှင့် စနစ်များပြောင်းလဲနေပြီ ဖြစ်သည်။ ၁၈ ရာစု၊ ၁၉ ရာစု နယ်ချဲ့ခေတ်နဲ့ လုံးဝကွာခြားနေပြီ ဖြစ်သည်။ ကမ္ဘာကြီး၏ နိုင်ငံရေးချိန်ခွင်လျှာနှင့် အယူအဆတို့ ပြောင်းလဲနေသည့်အတွက် ကမ္ဘာ့အခင်းအကျင်းပုံစံသစ်ဟု ဆိုကြပါသည်။ ယင်းပုံစံသစ်တွင် တစ်နိုင်ငံချင်းစီ၏ ဖြေရှင်းနိုင်စွမ်းထက် ကျော်လွန်သည့် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် စုပေါင်းကြိုးပမ်းလာကြပါသည်။ စုစည်းအားဖြင့် ဖြေရှင်းလာကြသည့်သဘော ဖြစ်ပါသည်။

သို့အတွက် ကမ္ဘာကြီးတွင် သီးခြားရပ်တည်၍ မရတော့ဘဲ မိမိတို့နှင့်အကျိုးစီးပွားတူရာ အုပ်စုများဖွဲ့စည်း၍ အမျိုးသားအကျိုးစီးပွားနှင့် ဘုံအကျိုးစီးပွားတို့ကို ရှာဖွေနေကြပါသည်။ ထို့ပြင် အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားကို နည်းလမ်းပေါင်းစုံဖြင့် ချဲ့ထွင်လျက်ရှိရာ ၎င်းအင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားစက်ကွင်းနှင့် မလွတ်ကင်းသည့် နိုင်ငံငယ်များသည် ဩဇာခံနိုင်ငံများ သို့မဟုတ် အသုံးချခံ နိုင်ငံများအဖြစ် လွှမ်းမိုးခံနေရပါသည်။

ယင်းသို့သော အခြေအနေတွင် မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားစက်ကွင်းအတွင်း ရောက်ရှိနေသည့်အတွက် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးအတွက် ကြီးမားသော စိန်ခေါ်မှုများ အသင့်စောင့်လျက်ရှိနေပါသည်။ ထိုစိန်ခေါ်မှုသည် မြန်မာတစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုအကျိုးစီးပွားလည်းဖြစ်ရာ ပြည်ထောင်စုသား အားလုံးရင်ဆိုင်ကြရမည့်အခြေအနေ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း တိုးမြင့်လာနေသည့် နိုင်ငံရေးဖိအားများ၊ စီးပွားရေးအကျပ်အတည်းများ၊ နိုင်ငံအလိုက် ကိုယ်ကျိုးစီးပွား လိုလားချက်များ မြင့်မားနေချိန်တွင် ဘုံအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များတွင် စုစည်းခြင်း၊ ပူးပေါင်းလုပ်ကိုင်ခြင်းများ ပိုမိုလိုအပ်နေပါသည်။

**❍ မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက် အလိုအပ်ဆုံးအရာဟုဆိုပါလျှင် ညီညွတ်ရေးဟု ပြောရပါမည်။ ညီညွတ်ရေး၏ အရေးပါမှု၊ ညီညွတ်ရေး မရှိမဖြစ်လိုအပ်မှုတို့ကို ကိုယ်စီနားလည်လက်ခံထားကြသော်လည်း လက်တွေ့ကျင့်သုံးရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲ**

**❍ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်ရေးမှာ ပြည်ထောင်စုသား အားလုံး၏ တူညီသောအကျိုးအတွက် အခြေခံဖြစ်**

*စာမျက်နှာ ၁၁ သို့*




## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ကာရံဆက်မည် ရွှေသို့ ချီရင်း

❒ အလက်ာဝ၊ ရင်မှာ တ,အောင်
စီသ ခြယ်မှုန်း၊ ကဗျာထုံးနှင့်
ရွှင်ပြုံးအေးစေ စမ်းကျရေ။

❒ အလင်္ကာစီ၊ ရင်မှာတည်အောင်
ရေးသီခြယ်မှ၊ ကဗျာလှနှင့်
မွှေးမြလန်းစေ ပန်းလှတွေ။

❒ ပန်းနှင့် စမ်းလို၊ သာယာချို့မြ
ဟန်ပိုကြွလို့၊ စာသစီခြယ်
ပုလဲသွယ်လျှင်၊ တင့်တယ် လှပ
သည်ကဗျာ့ဟန် သည်ကာရံ။

❒ တစ်ရံထက်တွင်၊ တစ်ဖက်ရန်သူ
သွေးခွဲမှုနှင့်၊ မတူဖောက်ပြား
သစ္စာခြားမဲ့၊ လှည့်ဖြားခဲ့သော်
တစ်လှည့်တစ်ဖန်၊ အပြုတ်နှံဖို့
ခားလုံ့ကိုကိုင် သစ္စာခိုင်မည်။

❒ ပြည်နိုင်ငံရေး၊ အသက်သွေးနှင့်
စတေးစွန့်စား၊ ကလောင်သွားနှင့်
ဖြည့်အားမာန်တင်း၊ စစ်ကိုခင်းမယ်
တေးချင်းကဗျာ ၊ စပ်ဆိုပါရင်း
ကြောက်ရွံ့ကင်းမဲ့ စစ်ခင်းလှည့်မယ်။

❒ ဤသို့ စဉ်ဆက်၊ မိစ္ဆာသက်ကို
ခြေဖျက်ယူငင် ၊ ဆောင်ပွဲဆင်လျက်
ကာရံဆက်မည် ရွှေသို့ ချီရင်း ။ ။

*မြရည်နန္ဒာ*

## တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်

*စာမျက်နှာ ၁၀ မှ*

### အခြေခံအုတ်မြစ်

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၇၀ ကျော်အတွင်း ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အနိမ့်အမြင့်၊ အကွေ့အကောက်များနှင့် တွေ့ကြုံခဲ့ရပါသည်။ ယင်းပြည်ထောင်စုစိတ်ဓာတ်သည် ယနေ့တည်ဆောက်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ တိုင်းရင်းသားအားလုံးအကြား အပြန်အလှန်နားလည်ရေး၊ အားလုံးပါဝင်နိုင်မှု၊ ပဋိပက္ခဖြေရှင်းရေး၊ အခွင့်အလမ်းများနှင့် တိုးတက်မှုတို့သည် တစ်မျိုးသားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ပေါ်တွင် မူတည်နေပါသည်။

သို့သော်လည်း မတူကွဲပြားမှုများရှိနေသည့် တိုင်းရင်းသားများအကြား ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပေါ်လာရန်မှာ ကျယ်ပြန့်သော အခြေခံအကြောင်းတရားများအပေါ် အခြေခံနေပါသည်။ တစ်ဦးနှင့်တစ်ဦးအကြား တူညီသောအကျိုးစီးပွားအတွက် လက်တွဲလုပ်ဆောင်လိုသည့်ဆန္ဒ ဖြစ်စေသည့် အပြန်အလှန်နားလည်ပေးခြင်း၊ လေးစားမှုရှိခြင်း၊ သည်းခံနိုင်ခြင်း၊ ရင့်ကျက်ခြင်း၊ သဘောထားကြီးခြင်း၊ ညီအစ်ကို မောင်နှမစိတ်သဘောထား ထားရှိနိုင်ခြင်းကဲ့သို့သော စိတ်ရင်းစေတနာများ လိုအပ်ပါသည်။ မှန်ကန်သော စိတ်စေတနာနှင့် လုပ်ရပ်သည်သာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ရေရှည်ခိုင်မြဲသော ပြည်ထောင်စုစိတ်ထားများ ထွန်းကားနိုင်မည်ဖြစ်ပါသည်။

အထူးသဖြင့် ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော် ပန်းတိုင်သို့ လက်တွဲလျှောက်လှမ်းကြရာတွင် သဘောထားတိုက်ဆိုင်သည်များလည်း တွေ့ရမည်ဖြစ်သကဲ့သို့ သဘောထားမတိုက်ဆိုင်သည်များလည်း တွေ့ကြုံကြရမည်ဖြစ်ပါသည်။ တွေ့ကြုံလာရသည့် မတူကွဲပြားမှုများကို ဖြေရှင်းရာတွင် တန်းတူညီမျှခြင်း၊ နားလည်လက်ခံပေးခြင်း၊ ညှိနှိုင်းခြင်း၊ စုပေါင်းလုပ်ကိုင်ခြင်းဖြင့် ပဋိပက္ခကို ရှောင်ရှားနိုင်ပြီး တည်ငြိမ်မှုနှင့် တိုးတက်မှုကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ သို့မှလည်း ပြည်ထောင်စုဘုံအကျိုးစီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပဋိပက္ခများလျှော့ချရေး၊ ချုပ်ငြိမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးလုပ်ဆောင်ရာ၌ ဒီမိုကရေစီအလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းများဖြင့် ငြိမ်းချမ်းစွာ အဖြေရှာခြင်းဖြင့် ကာလရှည်ကြာ ပေါင်းစည်းနေထိုင်နိုင်သည့် ပြည်ထောင်စုကြီးကို ဖန်တီးတည်ဆောက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်နိုင်သည့် ရေခံမြေခံကောင်းတည်ရှိမှသာ ၎င်း၏ကြီးထွားမှုနှင့် အသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ပါသည်။

### သဘောတရားမှလက်တွေ့သို့

မြန်မာနိုင်ငံ၏ ပြည်ထောင်စုရည်မှန်းချက်သည် လွန်ခဲ့သော နှစ်ပေါင်း ၇၆ နှစ် ကျော်ကပင် ဖြစ်ပါသည်။ ထိုစဉ်ကပင် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ သဘောတရားများ၊ အယူအဆများကို သိရှိနားလည်ထားကြပြီး ဖြစ်ပါသည်။ ထိုပြည်ထောင်စုသဘောတရားများနှင့် အယူအဆများကို သိရှိပြီးဖြစ်သော်လည်း လက်တွေ့တွင်မူ ပဋိပက္ခသံသရာတွင် ရုန်းကန်နေရဆဲအခြေအနေ ဖြစ်ပါသည်။ ထိုသို့ဆိုခြင်းသည် အဆိုးမြင်ခြင်း၊ အပြစ်တင်လိုခြင်း မဟုတ်ဘဲ ခံစားခဲ့ရသည့် အတွေ့အကြုံများနှင့် ရင်ဆိုင်နေရဆဲအခြေအနေများကို ရှုမြင်သုံးသပ်လိုခြင်းသာ ဖြစ်ပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် အခြားသူများ၏ ရပ်တည်ချက်နှင့် အသက်ရှင်နေထိုင်မှုအပေါ် မျက်ကွယ်ပြုမှုခြင်း သို့မဟုတ် ပြစ်တင်မှုတို့ကြောင့် သံသယနှင့် မယုံကြည်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

ထိုမှတစ်ဆင့် နှစ်ဦးနှစ်ဖက်အကြား တင်းမာမှုများ၊ ပဋိပက္ခများမှတစ်ဆင့် ရင်ဆိုင်တိုက်ခိုက်မှုများအထိ ဖြစ်ပွားစေခဲ့သည့် အတိတ်ဖြစ်စဉ်များလည်း ကြုံခဲ့ရပြီး ဖြစ်ပါသည်။ သေချာသည်မှာ ယင်းဖြစ်စဉ်တို့သည် မြန်မာ့အနာဂတ် ပြည်ထောင်စုပန်းတိုင်အတွက် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ဖြစ်စေခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရပြီးဖြစ်ပါသည်။ ထို့ပြင် ပဋိပက္ခများ ရှည်ကြာခြင်းကြောင့် ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ဖြစ်စေခဲ့ပါသည်။

သို့ဖြစ်သည့်အတွက် ပေးဆပ်မှုများဖြင့် ရရှိခဲ့သည့် ထိုအတွေ့အကြုံတို့မှ ခါးသီးမှုများကို သင်ခန်းစာယူကြရမည့်အချိန်သို့ ရောက်နေပြီ ဖြစ်ပါသည်။ ပြည်ထောင်စုတည်ဆောက်ရေး သဘောတရားများ မည်မျှပြည့်ဝစေကာမူ မှန်ကန်သော စိတ်ဆန္ဒ၊ အကောင်အထည်ဖော်မှု၊ လိုက်နာကျင့်သုံးမှုတို့ပါဝင်မှသာ လက်တွေ့အကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ပါသည်။ သဘောတရားများနှင့် လက်တွေ့ကိုက်ညီမှသာ တိုးတက်မှုရရှိနိုင်ပါသည်။ လက်တွေ့အကျိုးမဖြစ်စေသော သဘောတရားများသည် ဟန်ပြသက်သက်သာဖြစ်သကဲ့သို့ သဘောတရားမပါသော လက်တွေ့များသည်လည်း လိုရင်းမရောက်ဘဲ ဦးတည်ရာမဲ့ နေတတ်ပါသည်။

### ပြည်ထောင်စုနေ့ ကျင်းပရခြင်း

ပြည်ထောင်စုနေ့ကျင်းပရခြင်း ရည်ရွယ်ချက်များထဲတွင် ပြည်ထောင်စုတိုင်းရင်းသားများအကြား သွေးစည်းညီညွတ်မှု တည်ဆောက်နိုင်ခဲ့ခြင်းကို အမှတ်ရနေစေရန်နှင့် ယင်းသို့ လုပ်ဆောင်နိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်နှင့် လုပ်ဆောင်မှုတို့ကို နောင်လာနောက်သားများ အတုယူလိုက်နာနိုင်စေရန်တို့ ပါဝင်ပါသည်။ ပြည်ထောင်စုနေ့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ပေါ်ထွန်းလာမှုအား နောင်လာနောက်သားတို့အတွက် စံနမူနာကောင်း ပြသနိုင်ခဲ့သည့် သမိုင်းဝင်နေ့လည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့မှစ၍ တိုင်းရင်းသားများအကြား ညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေး ဝိုင်းဝန်းဖော်ဆောင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်နှင့် နောင်လာနောက်သားတို့အတွက် တာဝန်ကျေပွန်ကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများ ပြန်လည်လက်ခံရေးစခန်းများ၊ ယာယီကြားစခန်းနှင့် ယာယီခိုလှုံရာစခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ တောင်ပြိုလက်ဝဲသို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် စတင်စစ်ဆေးလက်ခံမည့် မြန်မာ - ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး စခန်းတာဝန်ခံအရာရှိက ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ခွင့်ပြုရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်ရှိသည်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြန်လည်ဝင်ရောက်လာမည့်သူများနှင့်စပ်လျဉ်း၍ လဝကလုပ်ငန်းစဉ်များဖြစ်သည့် အိမ်ထောင်စုစာရင်းရေးသွင်း မှတ်သားခြင်း၊ Bio Metric Data များ ရယူ၍ e-ID ဖြည့်သွင်းခြင်း၊ NVC ကတ် ထုတ်ပေးခြင်း၊ Covid စစ်ဆေးခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မည့် အခြေအနေများ၊ မီးဘေးလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့မှ ဆောင်ရွက်ထားရှိမှုနှင့် စခန်းအတွင်း ယာယီလက်ခံထားရှိရေးအတွက် ပြင်ဆင်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံအရာရှိ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ငါးခူရ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စာပေပညာသင်ကြားနေမှုကို ကြည့်ရှုအားပေး၍ အာဟာရဖြည့်အစားအစာများ ကျွေးမွေးရန် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြန်လည်ဝင်ရောက်လာမည့်သူများ ရေကြောင်းလမ်းမှ ဝင်ရောက်လာချိန် စစ်ဆေးလက်ခံမည့် ပြူးမချောင်း မော်တော်ဆိပ်ကမ်းသို့ရောက်ရှိကာ ပြုပြင်ရန် လိုအပ်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများကို ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအား အမြန်ဆုံး ဆောင်ရွက်နိုင်ရေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောမြို့ လှဖိုးခေါင်ယာယီ ကြားစခန်းသို့ ရောက်ရှိခဲ့ပြီး စခန်းတာဝန်ခံက ယာယီနေရာချထားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ခွင့်ပြုပြီး ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ပြန်လည်ဝင်ရောက်လာသူများအား သတ်မှတ်အချိန်ကာလအတွင်း ယာယီကြားစခန်း၌ စနစ်တကျထားရှိနိုင်ရေး၊ ကျန်းမာရေး၊ ရေ၊ မီး၊ မိလ္လာ လုပ်ငန်းများကို ပြည့်စုံအောင် ဆောင်ရွက်ထားရှိရန်၊ ဆက်လက်တပ်ဆင်နေသည့် အသင့်နေထိုင်နိုင်သော နေအိမ်များကို အချိန်မီပြီးစီးအောင် တပ်ဆင်သွားရန်မှာကြားခဲ့ပြီး စခန်းအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရသေ့တောင်မြို့သို့ ရောက်ရှိခဲ့ပြီး စေတီတောင် ယာယီနေရပ်စွန့်ခွာစခန်းမှ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအနေဖြင့် ယာယီနေရပ်စွန့်ခွာသူများကို နေရပ်သို့ ပြန်လည်ပို့ဆောင်ကာ မူလအခြေအနေထက် ပိုကောင်းမွန်သော အခြေအနေဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်မှုအခြေအနေများကိုလည်းကောင်း ဗီဒီယိုမှတ်တမ်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ယာယီနေရပ်စွန့်ခွာစခန်းနေ ဒေသခံပြည်သူများ၏ တင်ပြချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့ ပြန်လည်ဝင်ရောက်လာမည့်သူများ မီးဘေးလုံခြုံရေးအတွက် မီးသတ်တပ်ဖွဲ့မှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အထက်အောက်ကွပ်ကဲမှု အနည်းဆုံးဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန်နှင့် မိမိတို့၏ ဂုဏ်သိက္ခာ၊ ဌာန၏ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ကြရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ တိုက်တွန်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးသည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အရာထမ်း၊ အမှုထမ်းများကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး၌ တွေ့ဆုံပြီး အထက်အောက်ကွပ်ကဲမှု အနည်းဆုံးဖြင့် လုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် မိမိတို့၏ဂုဏ်သိက္ခာ၊ ဌာန၏ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးကို ဆောင်ရွက်ရသည့် အဖွဲ့ဖြစ်၍ စံပြအဖွဲ့အစည်းဖြစ်ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းတာဝန်များကို Review Process ဆောင်ရွက်ပြီး ရလဒ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆) ချက်၊ ဝန်ထမ်းကျင့်ဝတ်(၃၀)တို့ကို လိုက်နာရန် လိုအပ်သည့်အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ဝန်ထမ်းသည် ပါတီနိုင်ငံရေး ကင်းရှင်းရန် ဖော်ပြထားသည့်အတွက် လိုက်နာရန် လိုအပ်ကြောင်း။

ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြန်လည်သတင်းပို့သည့်စနစ်၊ အဆင့်ဆင့် တာဝန်ယူ၊ တာဝန်ခံသည့် စနစ်အတိုင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အထက်အောက်ကွပ်ကဲမှု အနည်းဆုံးဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာစံနှုန်းများကို သိရှိအောင်လေ့လာပြီး မိမိနိုင်ငံ၊ မိမိဌာနနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနအကြီးအမှူးများအနေဖြင့် ဝန်ထမ်းများအားလုံး၏ ကျန်းမာရေး၊ လုံခြုံရေး၊ ရုံးအဆောက်အဦ လုံခြုံရေး၊ ဝန်ထမ်းအိမ်ရာများ လုံခြုံရေးတို့ကိုလည်း ဂရုစိုက်ကြရန် လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းအားလုံးက မိမိတို့၏ ဂုဏ်သိက္ခာ၊ ဌာန၏ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ရန်နှင့် အခက်အခဲရှိပါက အဆင့်ဆင့် တင်ပြဆောင်ရွက်ရန် လိုကြောင်းမှာကြားခဲ့သည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃)ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်လိုသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နေပြည်တော်နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် သင်ကြား၊ သင်ယူခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းတွင် တာဝန်ရှိသူများက တက္ကသိုလ်ရှိ သင်တန်းများဖွင့်လှစ်နေမှုကို တင်ပြကြပြီး အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီက ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာကဏ္ဍဖွံ့ဖြိုးမှုသည် အခရာကျကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်ရှိ စီမံကိန်းနှင့် လုပ်ငန်းစဉ်များအား သိပ္ပံနှင့် နည်းပညာဖြင့် အထောက်အကူပြုနိုင်ရေး ဆောင်ရွက်ရန်၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ ပံ့ပိုးပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ အင်ဂျင်နီယာ အရည်အသွေးပြည့်ဝသော ပညာတတ်၊ ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်မီသင်ကြားသင်ယူမှုနည်းစနစ်များကို ထိရောက်စွာအသုံးပြုရန်၊ အထက်/အောက်မိသားစုသဖွယ် ရင်းနှီးပွင့်လင်းစွာ တက္ကသိုလ်ရှိ လုပ်ငန်းများ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင် အစဉ်တိုးတက်နေရေး ဆောင်ရွက်ရန်၊ သုတေသနများဖြင့် ရှင်သန်သက်ဝင်နေသော တက္ကသိုလ်ဖြစ်စေရေး အလေးအနက်ပြု ဆောင်ရွက်ရန်၊ နိုင်ငံ့အကျိုးပြုသုတေသနများကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်၊ အရည်အသွေးမြင့် သုတေသနစာတမ်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Language Lab၊ ကွန်ပျူတာခန်း ခေတ်မီသုတေသနဓာတ်ခွဲခန်းများ၊ သင်ကြားသင်ယူမှု အထောက်အကူပြုစနစ် (Learning Management System–LMS) ကို အသုံးပြုကာ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု) ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၉၀ အား ၎င်းမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးအကြောရောဂါ ၁၅၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၉ ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၆၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၀ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၄၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သန်လျင်မြို့နယ်၌ ကျေးလက်ရေပေးဝေရေးလုပ်ငန်းဖွင့်

**သန်လျင် ဖေဖော်ဝါရီ ၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ကျောင်းကံကွင်းကျေးရွာ ကျေးလက်ရေပေးရေး လုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက အမှာစကား ပြောကြားကာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးကြူက လုပ်ငန်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး မြေအလှူရှင် ဒေါ်သိန်းမြင့်အား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြတ်မြတ်မော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

# ဘားအံမြို့၌ ခရိုင်အဆင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေ အသိပညာပေး

**ဘားအံ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် ဘားအံမြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ဘားအံခရိုင် လူထုအခြေပြုဇဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုသည့်အတိုင်း အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် ကလေးငယ်များအတွက် အခွင့်အရေး(၄)မျိုးဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်များကို အပြည့်အဝရရှိစေရေးနှင့် ရသင့်၊ ရထိုက်သည့် အခွင့်အရေးများ၊ ကလေးသူငယ်များအတွက် ရေးဆွဲထားသည့် ဥပဒေများကို ကလေးသူငယ်များ ခံစားခွင့်ရရှိအောင် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။ (ယာပုံ)

ဆက်လက်၍ ဘားအံခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူးက ကလေးသူငယ်အခွင့်အရေးနှင့် ဌာနလုပ်ငန်းနှင့်ဆက်စပ်သော ဥပဒေအကြောင်းအရာများကို လည်းကောင်း၊ ဘားအံခရိုင်ဥပဒေရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြစ်မှုပြစ်ဒဏ်များနှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။ အဆိုပါ အခမ်းအနားတွင် ခရိုင်အဆင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

အဆိုပါ တပ်မတော်နယ်လှည့် အထူးဆေးကုသရေး အဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုအရာရှိ၊ စစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ် ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ရွေ့လျားဓာတ်ခွဲခန်းယာဉ်နှင့် ရွေ့လျားသွားရောဂါ ခွဲစိတ်ကုသရေးယာဉ်တို့ ပါဝင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တပ်မတော်နယ်လှည့် အထူးဆေးကုသရေး အဖွဲ့သည် ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက် အမေရိကန်ဒီမိုကရေစီသည် ပြည်တွင်းစစ်ကဲ့သို့ ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်သည် မှတ်တမ်းတင်ရလောက်သည့်အဆင့်အထိ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခဲ့ခြင်းအပါအဝင် ၎င်း၏အောင်မြင်မှုများကို နိုင်ငံတော် မိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထို့အပြင် လာမည့်နှစ်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒများကိုလည်း ၎င်း၏မိန့်ခွန်းတွင် မီးမောင်းထိုးဖော်ပြခဲ့သည်။

ဘိုင်ဒန်သည် ဒုတိယအကြိမ်မြောက် နိုင်ငံတော်မိန့်ခွန်းကို ဖေဖော်ဝါရီ ၇ ရက်က လွှတ်တော်ပူးတွဲအစည်းအဝေးတွင် ပြောကြားခဲ့သည်။ သမ္မတအဖြစ်ပြန်လည်ရွေးကောက်ခံရန် မကြာမီကြေညာမည်၊ မကြေညာမည်ဆိုသည်ကိုလည်း အလေးပေးပြောကြားခဲ့သည်။

ဘိုင်ဒန်က ၎င်း၏မူဝါဒများသည် အမေရိကန်စီးပွားရေးကို ပြန်လည်ရှင်သန်စေခဲ့ကြောင်း၊ ထို့အပြင် အလုပ်အကိုင်ပေါင်း ၁၂ သန်းကို ဖန်တီးပေးခဲ့ကြောင်း၊ အမေရိကန်သမ္မတတိုင်းက လေးနှစ်ကြာဖန်တီးခဲ့သည့် အလုပ်အကိုင် အရေအတွက်ထက် ပိုများသည့် အလုပ်အကိုင်အရေအတွက်ကို မိမိက နှစ်နှစ်အတွင်း ဖန်တီးပေးနိုင်ခဲ့ကြောင်း ၎င်းကပြောသည်။

လွန်ခဲ့သောနှစ်နှစ်က ကိုဗစ်-၁၉ ကြောင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းရပ်နားစေခဲ့ကြောင်း၊ ထို့အတူ ကျောင်းများကိုလည်း ပိတ်စေခဲ့ကြောင်း၊ ထို့အပြင် မိမိတို့ကို အပြင်းအထန်တိုက်ခိုက်ခဲ့ကြောင်း၊ သို့သော်လည်း ယနေ့တွင် ကိုဗစ်-၁၉ က မိမိတို့ဘဝကို ထိန်းချုပ်နိုင်တော့မည်မဟုတ်ကြောင်း ဘိုင်ဒန်က ပြောသည်။

ထို့အပြင် ၂၀၂၁ ခုနှစ် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက် အမေရိကန်လွှတ်တော်အဆောက်အအုံ၌ မုန်တိုင်းထန်ခဲ့သည့် ကိစ္စကို ရည်ညွှန်းပြီး ဘိုင်ဒန်က အမေရိကန်ဒီမိုကရေစီသည် ပြည်တွင်းစစ်ကဲ့သို့ ဖြစ်ပွားခဲ့သည့် ထိုအချိန်ကတည်းက အကြီးကျယ်ဆုံး ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ သို့သော် ယနေ့ခေတ်တွင် အတွင်းကြေသဘောဖြစ်နေသည့်တိုင် အနိုင်မခံ အရှုံးမပေး မပြိုကွဲဘဲ ဆက်လက်ရပ်တည်လျက်ရှိကြောင်း ပြောခဲ့သည်။

ထို့အပြင် လွန်ခဲ့သောနှစ် ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်များက လွှတ်တော်ကို ထိန်းချုပ်နိုင်ခဲ့သည့်တိုင် နိုင်ငံ၏မူဝါဒများကို ရှေ့ဆက်သွားနိုင်ရန် ဒီမိုကရက်များနှင့် လက်တွဲလုပ်ဆောင်ရန်လည်း တိုက်တွန်းခဲ့သည်။ ပဋိပက္ခအတွက် ပဋိပက္ခဖန်တီးခြင်း၊ ရန်လိုတိုက်ခိုက်မှုအတွက် တိုက်ပွဲများ ဖန်တီးခြင်းက မိမိတို့အတွက် သွားစရာနေရာမရှိဖြစ်စေမည်ဖြစ်ကြောင်းလည်း ဘိုင်ဒန်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန် နိုင်ငံတော်မိန့်ခွန်းပြောကြားနေစဉ်။

## ဂျပန်နိုင်ငံရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုလျော့နည်းကျဆင်းသည့်ဒေသများ၌ ပြုလုပ်သော ကျောင်းအခမ်းအနားပွဲများတွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန်မလိုအပ်ကြောင်း ကျွမ်းကျင်ပညာရှင်များပြော

**တိုကျို ဖေဖော်ဝါရီ ၈**

ဂျပန် ကိုဗစ်-၁၉ ကျွမ်းကျင်ပညာရှင်များက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းသည့် ဒေသများတွင် ကျောင်းအခမ်းအနားပွဲများ၌ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန် မလိုအပ်တော့ကြောင်း ပြောကြားလိုက်သည်။

ကျန်းမာရေး ဝန်ကြီးဌာန ကိုဗစ်-၁၉ ကျွမ်းကျင်ပညာရှင်အဖွဲ့ဝင်နှင့် တခြားသူများက ကျောင်းအခမ်းအနား ပွဲများ မတိုင်မီ အဆိုပါကြေညာချက်ကို ဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံရှိ ကျောင်းများသည် မတ်လတွင် ကျောင်းဆင်းပွဲများ ပြုလုပ်လေ့ရှိပြီး ဧပြီလတွင် ဝင်ခွင့်စာမေးပွဲများ ကျင်းပလေ့ရှိသည်။

လူတိုင်း ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်ထားသောကြောင့် ကျောင်းတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာပြီဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ကျောင်းသားများသည် ဘဝ၏သမိုင်းမှတ်တိုင်ဖြစ်လာမည့် ကျောင်းဆင်းပွဲများကို ပါးစပ်နှာခေါင်းစည်း မတပ်ဘဲ တက်ရောက်ချင်ကြမည်ဟု နားလည် သဘောပေါက်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

အဆိုပါ ကြေညာချက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းသွားသည်ဟု သတ်မှတ်ခံရသည့် ဒေသများရှိ သက်ဆိုင်ရာ အခမ်းအနားပွဲသို့ တက်ရောက်မည့် သူများသည် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရန် မလိုအပ်ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း နေထိုင်မကောင်းဖြစ်ပါက အခမ်းအနားပွဲများသို့ တက်ရောက်ခြင်းမပြုဘဲ ရှောင်ကြဉ်ရန်လည်း တိုက်တွန်းထားသည်။ ထို့အပြင် အခမ်းအနားပွဲ တက်ရောက်သူများသည် တစ်ယောက်နှင့် တစ်ယောက် ခပ်ခွာခွာနေရမည်ဖြစ်ပြီး အနီးကပ်စကားပြောဆိုခြင်းများ မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်လည်း အကြံပြုထားသည်။ အခမ်းအနားပွဲများသည် လေဝင်လေထွက်ကောင်းရမည်ဖြစ်ကြောင်းနှင့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းသည် ပုဂ္ဂလိက ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားရမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ



ကျောင်းဆင်းပွဲတစ်ခုတွင် ကျောင်းသားကျောင်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်နေသည်ကို တွေ့ရစဉ်။

## တူကီယဲနှင့် ဆီးရီးယားတို့တွင် လှုပ်သွားသည့် ငလျင်ကြောင့် သေဆုံးသူဦးရေ ၉၆၀၀ ကျော်ထိရှိလာ

**အင်ကာရာ ဖေဖော်ဝါရီ ၈**

ဖေဖော်ဝါရီ ၆ ရက်က တူကီယဲနှင့် ဆီးရီးယားတို့တွင် ကြောက်မက်ဖွယ် ငလျင်လှုပ်ခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေသည့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ကြမ်းတမ်းပြင်းထန်လှသည့် ဆောင်းတွင်းကို အန်တုရင်း ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေရသည်။ ယခုအခါ ငလျင်ဒဏ်ကြောင့် သေဆုံးသူဦးရေမှာလည်း ၉၆၀၀ ကျော်ထိရှိလာပြီဖြစ်သည်။ အကူအညီပေးရေးအုပ်စုများသည် ကယ်ဆယ်ရေးစခန်းများမှ လူများကို အစားအသောက်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိသည့် ငလျင်သည် ဆီးရီးယားနိုင်ငံနယ်စပ် တူကီယဲနိုင်ငံတောင်ပိုင်းတွင် လှုပ်ခဲ့ပြီးနောက် ပြင်းထန်သည့် ငလျင်ငယ်များလည်း ဆက်လက်လှုပ်ခဲ့သည်။ ငလျင်ကြောင့် သေဆုံးသူ ၇၁၀၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ ၄၀၀၀၀ ကျော်ရှိသည်ဟု တူကီယဲအစိုးရက အတည်ပြုထားသည်။ ပျက်စီးသွားသည့် အဆောက်အအုံပေါင်းမှာမူ ၅၇၀၀ ရှိကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံတွင်မူ နိုင်ငံအနောက်မြောက်ပိုင်းတွင် သေဆုံးသူ ၁၂၅၀ ရှိသည်ဟု ဆီးရီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်သည် ပြည်နယ် ၁၀ ခုကို အရေးပေါ် အခြေအနေအဖြစ် ကြေညာထားသည်။ လူပေါင်း ၂၃ သန်းမှာ ငလျင်ကြောင့်ဘေးဒုက္ခခံစားရဖွယ်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရာရှိများက ပြောသည်။

အင်န်အိတ်ချ်ကေ

## အာရှ-ပစိဖိတ်ဒေသရှိ Teams ဆက်သွယ်ရေးနည်းပညာအသုံးပြုပလက်ဖောင်းတွင် အနှောင့်အယှက်များဖြစ်နေသည့်အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း မိုက်ခရိုဆော့ဖ် ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အာရှ-ပစိဖိတ်ဒေသရှိ Teams ဆက်သွယ်ရေးနည်းပညာ အသုံးပြုပလက်ဖောင်းတွင် အနှောင့်အယှက်များ ဖြစ်နေသည့်အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း မိုက်ခရိုဆော့ဖ်က ပြောကြားလိုက်သည်။



အမေရိကန်၏အကြီးဆုံး နည်းပညာကုမ္ပဏီကြီးက ဖေဖော်ဝါရီ ၈ ရက်က တွစ်တာပေါ်တွင် စုံစမ်းစစ်ဆေးမှုများကို ကြေညာခဲ့သည်။ အသုံးပြုသူတချို့က အွန်လိုင်းအစည်းအဝေးပွဲများအတွက် Teams ကိုအသုံးပြု၍မရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပေါ် မိုက်ခရိုဆော့ဖ်က တခြားဆက်သွယ်ရေး လမ်းကြောင်းတစ်ခုဖွင့်ပေးရင်း တုံ့ပြန်ဖြေရှင်းပေးခဲ့သည်။ ယခုအခါတွင် ဝန်ဆောင်မှုများမှာ တစ်စိတ်တစ်ပိုင်းပြန်လည်ရရှိနေပြီဖြစ်သည်။

ဝန်ဆောင်မှုများ အပြည့်အဝ ပြန်လည်ရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း မိုက်ခရိုဆော့ဖ် နည်းပညာကုမ္ပဏီကြီးက ပြောခဲ့သည်။

အင်န်အိတ်ချ်ကေ

## အိန္ဒိယနိုင်ငံ၌ လျှပ်စစ်ကားရောင်းချရမှု များပြားလာ

**နယူးဒေလီ ဖေဖော်ဝါရီ ၈**

အိန္ဒိယနိုင်ငံတွင်ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ကားရောင်းချရမှုမှာ သိသိသာသာများပြားလာသည်ဟု တရားဝင်စာရင်းဇယားများအရ သိရသည်။ ပြည်ထောင်စု ကုန်းလမ်းနှင့် အဝေးပြေးလမ်းမကြီးဆိုင်ရာ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖေဖော်ဝါရီ ၇ ရက် ထုတ်ပြန်ချက်များအရ လျှပ်စစ်ကားရောင်းချရမှုမှာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း သုံးဆကျော် မြင့်တက်လာခဲ့သည်ဟု သိရသည်။

ယင်းရလဒ်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ထားသည့် အချက်ဖြစ်သည်။ လျှပ်စစ်သုံးဘီးကား ရောင်းချရမှုမှာလည်း ၁၁ ဆ မြင့်တက်လာခဲ့သည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ်များအတွက် အစိုးရသည် လျှပ်စစ်ကားများရောင်းချမှု တိုးမြှင့်ရန်အတွက် လုပ်ဆောင်မှုအချို့ ဆောင်ရွက်ခဲ့သည်။ အိန္ဒိယရူပီး ၁၀၀ ဘီလီယံတန် ငါးနှစ် အထောက်အပံ့ အကူအညီများအပါအဝင် အခြားသော မြှင့်တင်မှုများကို လုပ်ဆောင်ပေးခဲ့သည်။

ဆင်ဟွာ

# SARS-CoV-2 Variant Omicron မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၈-၂-၂၀၂၃) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် **"ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"** များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)နှင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသော ဓာတ်ခွဲအတည်ပြုလူနာများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး အိုမီခရွန်အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၁၇)ခုအား ဆေးသုတေသနဦးစီးဌာနတွင် ကိုဗစ်-၁၉ ရောဂါပိုး မျိုးရိုးဗီဇစစ်ဆေးခြင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ (၆-၂-၂၀၂၃)ရက်နေ့တွင် အိုမီခရွန် မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.5 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာ (၉) ခုတွင် လည်းကောင်း၊ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.2 နှင့် ၎င်း၏မျိုးကွဲများကို ဓာတ်ခွဲနမူနာ (၈)ခုတွင် လည်းကောင်း တွေ့ရှိရပါသည်။ BA.2 တွေ့ရှိသော ဓာတ်ခွဲနမူနာများတွင် BA.2 ၏ မျိုးကွဲ XBB.1 တွေ့ရှိသော ဓာတ်ခွဲနမူနာ (၂)ခု ပါဝင်ပါသည်။

၃။ အဆိုပါ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.5 တွေ့ရှိရသူ (၉)ဦးနှင့် BA.2 တွေ့ရှိရသူ (၅)ဦး (၎င်း၏မျိုးကွဲ XBB.1 တွေ့ရှိသူ (၂) ဦး အပါအဝင်) တို့သည် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများဖြစ်ပြီး ကျန် BA.2 ရောဂါပိုးတွေ့ရှိရသူ (၃)ဦး တို့သည် ပြည်တွင်းကူးစက်မှုများမှ တွေ့ရှိရခြင်း ဖြစ်ပါသည်။ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း စနစ်တကျ သီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေး အခြေအနေများမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ အိုမီခရွန်မျိုးရိုးဗီဇပြောင်း ရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူလူထုအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းအား မပျက်မကွက် ခံယူကြပါရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁၁ ရာခိုင်နှုန်း

**(၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၇၃,၇၄၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၅၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၂၀,၄၇၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၁၁,၇၇၆) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၇-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၂၀,၄၇၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၁၁,၇၇၆ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၂၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၂၃၇၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၁၅၀၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၃၃၈ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့်ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာ လျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာထွန်းအောင်ကျော် ပါမောက္ခ(ဌာနမှူး) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယခုပို့ချချက်သည် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် "မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ" ဖြစ်ပါသည်။ ဤပို့ချချက်သည် မြန်မာစာပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင်လည်းကောင်း၊ စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အဆင်ပြေချောမွေ့စေရန်လည်းကောင်း၊ စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်စေရန်လည်းကောင်း ရည်ရွယ်ပါသည်။ ယခု ၂၀၂၃ ခုနှစ်တွင် ဖြေဆိုရမည့်မေးခွန်းပုံစံသည် ၂၀၁၉ မတ်လတွင် စတင်စစ်ဆေးခဲ့သော မေးခွန်းပုံစံအသစ်အတိုင်း ဖြစ်ပါသည်။ မြန်မာစာဘာသာရပ်မေးခွန်းပုံစံသစ်သည် ကျောင်းသားကျောင်းသူများ သင်ခန်းစာကို နှုတ်တိုက်အလွတ်ကျက်မှတ်ခြင်းကို လျှော့ချပြီး တစ်နှစ်ပတ်လုံး သင်ယူလေ့လာဆည်းပူးထားသည့် သင်ခန်းစာများကို ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု၊ ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု၊ ကိုယ်ပိုင်ရေးသားတင်ပြမှု၊ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုစွမ်းရည်တို့ဖြင့် ပေါင်းစပ်ကာဖြေဆိုနိုင်မည့်ပုံစံသို့ ဦးတည်ပြောင်းလဲထားခြင်းဖြစ်သည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံသစ်နှင့်အညီ အံဝင်ခွင်ကျဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်သည် ဘာသာစကားနှင့် စာပေအရေးအသားကို အထူးပြုသင်ကြားလေ့ကျင့်ပေးသော ဘာသာရပ်ဖြစ်သည့်အလျောက် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထ၊ စာရေးသားသည့် အလေ့အကျင့်များစွာ လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင် ကျောင်းသား ကျောင်းသူများသည် မြန်မာစာဘာသာရပ်ကို လေ့လာရာတွင် အလွတ်ကျက်မှတ်ဖြေဆိုမှုကို လွန်ကဲစွာ အားပြုနေကြသည့်အတွက် အလွတ်ကျက်မှတ်မှုနှင့် ကိုယ်ပိုင်တွေးခေါ်စဉ်းစားဖန်တီးရေးသားနိုင်မှုတို့ကို ဟန်ချက်ညီညီပေါင်းစပ်ဖြေဆိုနိုင်ရန် မေးခွန်းပုံစံကို ပြောင်းလဲထားပါသည်။ ထို့အတွက်ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မေးခွန်းပုံစံသစ်၏ ဦးတည်ချက်အတိုင်း အံဝင်ခွင်ကျဖြစ်အောင် လေ့လာဖြေဆိုကြရန် အထူးလိုအပ်လှပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒသမတန်း(တက္ကသိုလ်ဝင်တန်း)မြန်မာစာဘာသာရပ်အတွက် လေ့လာသင်ယူရန် သတ်မှတ်ပြဋ္ဌာန်းထားသော စာအုပ်(၄)အုပ်ရှိပါသည်။ ထိုစာအုပ် (၄)အုပ်မှာ ဒသမတန်း မြန်မာစကားပြေလက်ရွေးစင်၊ ဒသမတန်းမြန်မာကဗျာလက်ရွေးစင်၊ ရေသည်ပြဇာတ်နှင့် မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)တို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းသည် ၃ နာရီ ဖြေဆိုခွင့်ပြုသော မေးခွန်းဖြစ်ပါသည်။ မေးခွန်းတွင် မေးခွန်းကြီး (၆)ပုဒ် ပါဝင်ပါသည်။ သဒ္ဒါပြဋ္ဌာန်းချက်ကိုမေးသည့် သဒ္ဒါမေးခွန်းကြီး (၁)ပုဒ်၊ ဒသမတန်းစကားပြေလက်ရွေးစင်၊ ဒသမတန်းကဗျာလက်ရွေးစင်နှင့် ရေသည်ပြဇာတ်တို့မှ ဝေါဟာရများ၊ အလင်္ကာများနှင့် ပြဋ္ဌာန်းစာအုပ်အားလုံးမှ စာလုံးပေါင်းသတ်ပုံတို့ပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ်၊ ဒသမတန်းကဗျာလက်ရွေးစင်မှ ကဗျာခမ္မခိဋ္ဌာန်မေးခွန်းတိုနှင့် ကဗျာမေးခွန်းရှည်တို့ပါဝင်သည့် ကဗျာမေးခွန်းကြီး (၁)ပုဒ်၊ ဒသမတန်းစကားပြေလက်ရွေးစင်မှ စကားပြေခမ္မခိဋ္ဌာန်မေးခွန်းတိုနှင့် စကားပြေမေးခွန်းရှည်တို့ ပါဝင်သည့် စကားပြေမေးခွန်းကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မှ စကားစပ်မေးခွန်းနှင့် ရေသည်ပြဇာတ်မေးခွန်းရှည်တို့ပါဝင်သည့် ရေသည်ပြဇာတ်မေးခွန်းကြီး (၁)ပုဒ်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးတို့ ပါဝင်သည့် ကိုယ်ပိုင်အရေးအသားအတင်အပြ မေးခွန်းကြီး (၁)ပုဒ် စုစုပေါင်း မေးခွန်းကြီး (၆)ပုဒ် ပါဝင်သည်။ မေးခွန်းတိုင်းတွင် မေးခွန်းပုဒ်ခွဲများပါဝင်ပြီး ရွေးချယ်စရာမေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ် (၁) မေးခွန်းသည် မြန်မာသဒ္ဒါမေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် ကျက်မှတ်မှုနှင့် နားလည်သဘောပေါက်အောင် လေ့ကျင့်မှုတို့ကို ဟန်ချက်ညီစွာပေါင်းစပ်ထားပါသည်။ မြန်မာသဒ္ဒါမေးခွန်းတွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ချက်များ၊ သဒ္ဒါသဘောတရားများကို စစ်ဆေးသည့်အပိုင်းနှင့် မြန်မာသဒ္ဒါဆိုင်ရာသဘောတရားများကို မည်မျှလက်တွေ့အသုံးချနိုင်သည်ကို စစ်ဆေးအကဲဖြတ်သည့် အပိုင်းတို့ ဖြစ်ကြပါသည်။

မေးခွန်း ၁(က)ဖြစ်သည့် ပထမပိုင်းတွင် မြန်မာသဒ္ဒါဆိုင်ရာမေးခွန်းနံပါတ် ၁(က)သည် သဒ္ဒါပြဋ္ဌာန်းစာအုပ်မှ အပိုင်းသုံးပိုင်းဖြစ်သော မြန်မာစာမြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်များအပိုင်း၊ ဝါစင်္ဂဆိုင်ရာသိမှတ်ဖွယ်များအပိုင်း၊ ဝါကျဆိုင်ရာ သိမှတ်ဖွယ်များအပိုင်းတို့မှ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်များ၊ ရှင်းလင်းဖော်ပြချက်များကိုမေးသည့် မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းသည် ကျက်မှတ်မှုကို အားပြုသည့် မေးခွန်းဖြစ်သည့်အတွက် ကျက်မှတ်ထားမှသာ တိတိကျကျဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ဤမေးခွန်းကို ဖြေဆိုရန်အတွက် ရွေးချယ်စရာသုံးပုဒ်ပေးထားပြီး တစ်ပုဒ်ကိုသာ ဖြေဆိုရမည်ဖြစ်ပါသည်။ ပေးမှတ်မှာ (၅)မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရသည့် မေးခွန်းဖြစ်ပါသည်။

ဤမေးခွန်းအတွက် သဒ္ဒါစာအုပ်၏ အပိုင်းသုံးပိုင်းစလုံးကို ကျေညက်နေရန် လိုအပ်ပါသည်။ အပိုင်း တစ်ပိုင်းပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုး မပြုသင့်ပေ။ မေးခွန်းပုံစံသစ်အဖြစ် ပြောင်းလဲထားသည်ဖြစ်ရာ သမားရိုးကျအတိုင်းမေးမည်ဟု ယူဆထား၍ မရနိုင်ပါ။ မေးရိုးမေးစဉ်အတိုင်း စာရှစ်စာမှ တစ်ပုဒ်ပါမည်၊ အက္ခရာပြောင်းလဲပုံမှ တစ်ပုဒ်ပါမည် စသည်ဖြင့် ပုံသေယူဆထား၍မရပါ။ စာရှစ်စာ မပါဘဲ၊ အက္ခရာပြောင်းလဲပုံ မပါဘဲ မေးလာခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ ဤမေးခွန်းသည် သဒ္ဒါနှင့်ပတ်သက်၍ စေ့စေ့စပ်စပ်သိရှိရန် ရည်ရွယ်ခြင်းဖြစ်သဖြင့် စေ့စေ့စပ်စပ် လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့အနက် <u>**တစ်ခု**</u> အကြောင်းကို ဖော်ပြပါ။ (၅ မှတ်)

ကျောက်စာ၊ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ(၅)မျိုး၊ အနက်အဓိပ္ပာယ်အရ ကြိယာဝိသေသန(၅)မျိုး။

ဤမေးခွန်းတွင် သဒ္ဒါစာအုပ်၏အပိုင်းသုံးပိုင်းမှ ထုတ်နုတ်မေးရာ၌ ပြဋ္ဌာန်းစာအုပ်ပါအတိုင်း "၏ သည် မလွဲ" တစ်သဝေမတိမ်း မေးမည်ဟု ယူဆ၍မရနိုင်ပါ။ ဆိုလိုသည်မှာ နမူနာတွင်ပါရှိသော မေးခွန်း၌ လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ (၅)မျိုးကို မေးထားပါသည်။ ပြဋ္ဌာန်းစာအုပ်တွင် လှုပ်ရှားနိုင်သောစကားသံဖြစ်အင်္ဂါ(၇)မျိုး (လျှာရင်း၊ လျှာနောက်၊ လျှာလယ်၊ လျှာရှေ့(လျှာဖျားအနီး)၊ လျှာဖျား၊ အောက်နှုတ်ခမ်း၊ လျှာခင်) ကို ဖော်ပြထားသော်လည်း မေးခွန်းတွင်(၅)မျိုးကိုသာ မေးသဖြင့် ပြဋ္ဌာန်းစာအုပ်ပါ (၇)မျိုးမှ မိမိနှစ်သက်ရာ (၅)မျိုးကိုသာ ရွေးချယ်ဖြေဆိုရန် ဖြစ်ပါသည်။

မေးခွန်း ၁(ခ) ဖြစ်သည့် ဒုတိယပိုင်းတွင် မေးသည့်မေးခွန်းမှာ မြန်မာသဒ္ဒါဆိုင်ရာ သဘောတရားအချက်အလက်များကို လက်တွေ့ကျကျ မည်မျှသိရှိသည်၊ မည်မျှအသုံးချနိုင်သည်ဆိုသည်ကို စစ်ဆေးအကဲဖြတ်သည့်မေးခွန်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဟု ဆိုနိုင်ပါသည်။ မြန်မာသဒ္ဒါပြဋ္ဌာန်းချက်ပါ သင်ခန်းစာများမှ ကျောင်းသား ကျောင်းသူများ အမှန်တကယ်နားလည်ဖြေဆိုနိုင်မည့် လက်တွေ့လေ့ကျင့်ခန်းအမျိုးမျိုးကို မေးမြန်းမည်ဖြစ်ပါသည်။ သဒ္ဒါလေ့ကျင့်ခန်းများကို ဖြေဆိုနိုင်ရန်အတွက် သဒ္ဒါစာအုပ်ပါ သဘောတရားများကို ကောင်းစွာနားလည်သဘောပေါက်အောင်လေ့လာပြီး လေ့ကျင့်ခန်းများကို အထပ်ထပ်အခါခါ လေ့ကျင့်ထားရမည် ဖြစ်ပါသည်။

ဤမေးခွန်းတွင် ယခင်ကမေးလေ့ရှိသည့် သဒ္ဒါစကားလုံးနှင့် သဒ္ဒါအမျိုးအစားမေးခွန်းမျိုးကို မေးနိုင်သကဲ့သို့ သဒ္ဒါစကားလုံးဖွဲ့စည်းရေးသားစေခြင်း (ပုံစံ–ပေါင်းစပ်နာမ်စကားလုံး၊ ပေါင်းစပ်ကြိယာ စကားလုံး၊ ကြိယာဝိသေသနစကားလုံး ဖန်တီးရေးသားစေခြင်း)၊ ဝါကျတွင်းပုဒ်အထားအသို(စကားအထားအသို) ပြင်ဆင်ရေးဖွဲ့စေခြင်း(ကတ္တားအထားအသို၊ နာမဝိသေသနအထားအသို၊ ကြိယာဝိသေသနအထားအသို)၊ ပေးထားသောဝါကျတွင် ဆီလျော်သော သဒ္ဒါစကားလုံး ဖြည့်စွက်ရေးသားစေခြင်းစသည့် သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းအမျိုးမျိုးကို တိုးချဲ့မေးမြန်းနိုင်ပါသည်။

**နမူနာ**

၁။ (ခ) ပေးထားသောစကားလုံးများမှ <u>**ငါးခု**</u> ကို ခနဲ ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ် ဝါကျတစ်ခုစီတွင်သုံးပြပါ။ (၁၀ မှတ်)

အေး၊ လက်၊ ဖြုန်း၊ ဝေါ၊ ဝင်း၊ ဆတ်၊ ပူ။

ဤမေးခွန်းသည် သဒ္ဒါကို အလွတ်ကျက်မှတ်ခြင်းထက် သဒ္ဒါနှင့်ပတ်သက်၍ လေ့လာထားသည်များကို စဉ်းစားဆင်ခြင်ပြီး လက်တွေ့အသုံးချရသည့် လေ့ကျင့်ခန်း မေးခွန်းမျိုးဖြစ်သည်။ သဒ္ဒါနှင့်ပတ်သက်သည့် လေ့ကျင့်ခန်းများကို နားလည်သဘောပေါက်အောင် အကြိမ်ကြိမ်လေ့လာလေ့ကျင့်ထားသင့်ပါသည်။ သဒ္ဒါကိုနားလည်ပြီး လက်တွေ့အသုံးချသည့်အပိုင်းသို့ ဦးတည်ထားခြင်းဖြစ်ရာ လက်တွေ့ဘဝတွင် ပြောဆိုအသုံးပြုနိုင်အောင် လေ့လာထားသင့်ပါသည်။ နမူနာမေးခွန်းကို ဖြေဆိုရာတွင် လက်တွေ့ဘဝ၌ အသုံးပြုသည့်ပုံစံအတိုင်း ရေးသားဖြေဆိုသင့်ပါသည်။

ပုံစံ–

ဝေါ–ခနဲ ပစ္စည်းဆက်၍ ကြိယာဝိသေသနအဖြစ်သုံးခြင်း

မိုးသည် ရုတ်တရက် <u>ဝေါ**ခနဲ**</u> ရွာချလိုက်သည်။

**မေးခွန်းနံပါတ် ၂**

မေးခွန်းနံပါတ်(၂)သည် ပြဋ္ဌာန်းစာအုပ်များမှ ဝေါဟာရဆိုင်ရာ မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ သုံးပုဒ်ပါဝင်ပါသည်။ ပုဒ်ရေအရေအတွက် အပြောင်းအလဲမရှိပါ။ ပုဒ်ခွဲသုံးပုဒ်တွင် ၂(က)သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် စာလုံးပေါင်းသတ်ပုံမေးခွန်း၊ ၂(ဂ)သည် အလင်္ကာမေးခွန်းတို့ ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေနှင့် ရေသည်ပြဇာတ်စာအုပ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုခိုင်းခြင်းဖြစ်ပါသည်။ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ရှေးသုံးခေတ်သုံး မခွဲခြားဘဲ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရအားလုံးကို ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုစေမည် ဖြစ်ပါသည်။

**နမူနာ**

၂။ (က) အောက်ပါဝေါဟာရတို့အနက် <u>**ငါးခု**</u> ၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅ မှတ်)

ရေးတော်၊ ကလိုင်၊ သောင်းပြောင်း၊ လက်ရေး၊ တစ်ပတ်နွှမ်း၊ ခုတင်ခု၊ လှမနော်။

ခက်ဆစ်မေးခွန်းများကို ဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ ဖွင့်ဆိုချက်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်ပါသည်။ မိမိသဘောဖြင့် ဖွင့်ဆို၍မရပေ။ အဓိပ္ပာယ်ဖွင့်ပုံတိကျရန် လိုအပ်ပါသည်။ မြန်မာဝေါဟာရ၏အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုးရှိနိုင်ပါသည်။ ပုံစံအားဖြင့် နမူနာပါ "လက်ရေး" ဟူသောဝေါဟာရကို အများသိရှိထားသည့်အတိုင်း "လက်ဖြင့်ရေးသားသော အက္ခရာအရေးအသား။" ဟု ဖြေဆို၍မရပေ။ စီးချင်းတိုက်ပွဲသင်ခန်းစာတွင် ဖွင့်ဆိုသည့်အတိုင်း "ကာယစွမ်းရည်။ လက်ရုံးရည်"ဟု ဖြေဆိုမှသာ မှန်ကန်မည်ဖြစ်သည်။ မေးခွန်းသဘောအရ ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းသည် ပြဋ္ဌာန်းစာတွင် ဤဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် စစ်ဆေးခြင်းဖြစ်ပါသည်။ ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန်လည်း လိုအပ်ပါသည်။ ပုံစံအားဖြင့် နမူနာပါ "ခုတင်ခု" သည် ရေသည်ပြဇာတ်မှ ဝေါဟာရဖြစ်ပါသည်။ ယင်းကို ဖြေဆိုရာတွင် ရေသည်ပြဇာတ်တွင် သုံးနှုန်းဖွင့်ဆိုထားသည့်အတိုင်း ကြိယာဝိသေသန အဓိပ္ပာယ်ဖြင့်သာ ဖွင့်ဆိုရပါမည်။ "ခုတင်ခု"ကို ပြဋ္ဌာန်းစာအုပ်တွင် "ခဏခဏ" ဟု ကြိယာဝိသေသနအဖြစ် ဖွင့်ဆိုထားပါသည်။ ယင်းကို "ခုတင်ကို ခုသည်။"ဟု ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါက မှားယွင်းမည်ဖြစ်သည်။

ပြဋ္ဌာန်းစာအုပ်များတွင် ခက်ဆစ်ဖွင့်ဆိုချက်များ၌ တစ်ချောင်းပုဒ် ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်းမရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန် လိုအပ်ပါသည်။ ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် များသောအားဖြင့် လုံလောက်ပါသည်။ များသောအားဖြင့်ဟုဆိုရခြင်းမှာ တစ်ခါတစ်ရံတွင် ပုဒ်မချထားသော်လည်း အဓိပ္ပာယ်မပြည့်စုံသဖြင့် ဆက်လက်ဖွင့်ဆိုရသော အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးလည်း ရှိတတ်သောကြောင့် ဖြစ်ပါသည်။

မေးခွန်းနံပါတ် ၂(ခ)သည် အမှားအမှန်စကားလုံးအတွဲတွင် စာလုံးပေါင်းသတ်ပုံအမှန်ကို ရွေးချယ်စေခြင်းဖြစ်ပါသည်။ သတ်ပုံမေးရာတွင် ပြဋ္ဌာန်းစာအုပ်များပါ ဝေါဟာရများကို အခြေခံ၍ တက္ကသိုလ်ဝင်တန်းအဆင့် ကျောင်းသား ကျောင်းသူတို့ သိသင့်သိထိုက်သည့် စာလုံးပေါင်းများကို ရွေးချယ်စစ်မေးမည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် ပြဋ္ဌာန်းစာအုပ်များကို လေ့လာသည့်အခါ မြန်မာဝေါဟာရများ၏ စာလုံးပေါင်းအမှန်ကို ဂရုတစိုက်မှတ်သားထားပါက အထူးတလည် အလွတ်ကျက်မှတ်နေရန်မလိုဘဲ မှန်ကန်စွာဖြေဆိုနိုင်မည့် မေးခွန်းမျိုးဖြစ်ပါသည်။ သတ်ပုံအမှန်ကို သိရှိအောင် သတိရှိရှိ လေ့လာအားထုတ်ထားခြင်းဖြင့် မေးခွန်းအပုဒ်တိုင်းကို ဖြေဆိုရာ၌ အထောက်အကူပြုမည့်အပြင် ဘဝတစ်လျှောက်လုံး မြန်မာစာရေးသားရသည့်အခါတိုင်းတွင် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

**နမူနာ**

၂။ (ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅ မှတ်)

နှောင့်ယှက်–နှောက်ယှက်၊ နေ့လယ်–နေ့လည်၊ အမြက်ထွက်–အမျက်ထွက်၊ ပင်ပမ်း–ပင်ပန်း၊ ချူခြာ–ချူချာ။

ဤမေးခွန်းကို ဖြေဆိုရာတွင် မေးခွန်းကို ပြန်ကူးပေးရန်မလိုပါ။ မှန်သောစာလုံးပေါင်းများ (သို့မဟုတ်) စာလုံးပေါင်းမှန်သော

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

စကားလုံးများဟု ခေါင်းစဉ်တပ်ကာ မှန်သည့်စကားလုံးများကိုသာ ရေးသားဖြေဆိုလျှင် လုံလောက်ပါသည်။ အထက်ပါ ပုံစံမေးခွန်းကို ဖြေဆိုမည်ဆိုပါက အောက်ပါအတိုင်း ဖြေဆိုနိုင်ပါသည်-

**မှန်သောစာလုံးပေါင်းများ**

နှောင့်ယှက်

နေ့လယ်

အမျက်ထွက်

ပင်ပန်း

ချူချာ

မေးခွန်းနံပါတ် ၂(ဂ) သည် အလင်္ကာမေးခွန်းဖြစ်သည်။ ပေးထားသော စကားအသုံးအနှုန်းကို အလင်္ကာအမျိုးအစားဖော်ပြပေးစေခြင်းနှင့် သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့သုံးထားသည့်အတွက် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြစေခြင်းတို့ကို မေးသည့် မေးခွန်းဖြစ်ပါသည်။ ဖြေဆိုရာတွင် ပုံစံတစ်မျိုးမျိုးကို ပုံသေသတ်မှတ်ဖြေဆိုစေခြင်းထက် ကျောင်းသား ကျောင်းသူတို့ အမှန်တကယ်နားလည်ပြီး ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင်သာ အကဲဖြတ်အမှတ်ပေးသွားမည် ဖြစ်ပါသည်။ အလင်္ကာကို အလွတ်ကျက်မှတ်ခြင်းထက် အလင်္ကာ၏ သဘောသဘာဝကို နားလည်သဘောပေါက်ကာ ဖြေဆိုနိုင်မှုကို ဦးတည်ထားခြင်းဖြစ်သဖြင့် အလင်္ကာဖြေဆိုရာ၌ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် မည်သည့်အတင်အပြပုံစံဖြင့် ဖြေဆိုသည်ဖြစ်စေ အမှတ်ပြည့်ရရှိမည် ဖြစ်ပါသည်။ ပေးထားသောအလင်္ကာအသုံး အရေအတွက်မှာ (၇)ခု ဖြစ်ပြီး (၅)ခုကို ရွေးချယ်ဖြေဆိုရမည် ဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) အောက်ပါတို့အနက် **<u>ငါးခု</u>**ကို အလင်္ကာငါးမျိုးမှ မည်သည့် အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့ အသုံးပြုထားသည့်အတွက် ဤအလင်္ကာမြောက်ကြောင်းကိုလည်း ရှင်းပြပါ။ (၁၀မှတ်)

ဖွတ်မင်းနောင်၊ ပုတ်လောက်၊ ယောင်ထန်းစေ့မှုတ်၊ ငှက်ပျံသလို၊ တိမ်မင်တုံး၊ တောင်လေရှူန်းရှူန်း၊ တာဝတိံသာနတ်ရွာလော။

**မေးခွန်းနံပါတ် ၃**

မေးခွန်းနံပါတ်(၃)သည် ကဗျာမေးခွန်းဖြစ်သည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်သည်။ မေးခွန်း ၃(က)မှာ ကဗျာမေးခွန်းတိုဖြစ်ပြီး မေးခွန်း ၃(ခ)မှာ ကဗျာမေးခွန်းရှည်ဖြစ်သည်။

၃(က) ကဗျာမေးခွန်းတိုတွင် မေးခွန်းပုံစံအပြောင်းအလဲ မရှိသော်လည်း မေးမည့် မေးကွက်ကို ချဲ့ထွင်ထားပါသည်။ ကဗျာစာသား ကောက်နုတ်ချက်အတိုကို ပေးထားပြီး ဆိုလိုရင်းရေးသားစေသည့် မေးခွန်းမျိုး ပါဝင်လာမည်ဖြစ်သည်။ ပုဒ်ရေ(၇)ပုဒ်ပေးထားပြီး (၅)ပုဒ် ဖြေဆိုရပါမည်။ မေးခွန်းပါနံပါတ်အတိုင်း မှန်ကန်အောင်တပ်၍ ဖြေဆိုရပါမည်။ (မိမိနံပါတ်စဉ်အတိုင်းမတပ်မိရန် သတိပြုရပါမည်။) အဖြေချည်းသက်သက် ရေးချခြင်းထက် မေးခွန်းကို ကောက်၍ ဖြေဆိုပါက ပိုမို၍ သင့်လျော်ပါသည်။

နံပါတ် ၃ (ခ)သည် ကဗျာမေးခွန်းရှည် ဖြစ်ပါသည်။ ဤမေးခွန်းသည် မေးခွန်းပုံစံ အနေဖြင့် ပြောင်းလဲမှုမရှိသော်လည်း စစ်ဆေးအကဲဖြတ်ရာတွင်မူ ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့်အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက်သတ်မှတ်ကာ စစ်ဆေးအကဲဖြတ်မည် ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်း၏ရှုထောင့်အတိုင်း အံဝင်ခွင်ကျဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မိမိကျက်မှတ်ထားသည့် ကဗျာခေါင်းစဉ်ပါလာသည်နှင့် ကဗျာစာသားတစ်ပုဒ်လုံး ချရေးကာ စကားပြေပြန်ဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံးပါဝင်စေကာမူ မေးခွန်းနှင့် အံမဝင်လျှင် ပေးမှတ်တစ်ဝက်အောက်သာရရှိမည်ဖြစ်ပါသည်။ ကဗျာကောက်နုတ်ချက်စာသားများကိုလည်း မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်ရုံသာ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ အထူးမှာကြားလိုသည်မှာ မေးခွန်းကတောင်းဆိုသည့် ရှုထောင့်နှင့် အာဘော်ကို သေချာစွာဖတ်ရှုပြီးမှ ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် အံဝင်ခွင်ကျဖြေဆိုရန် ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၄**

မေးခွန်းနံပါတ်(၄)သည် စကားပြေမေးခွန်းဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃) ကဗျာမေးခွန်းနှင့် သဘောသဘာဝအားဖြင့် တူပါသည်။ မေးခွန်းပုဒ်ခွဲနှစ်ပုဒ် ပါဝင်ပါသည်။ နံပါတ် ၄(က)မှာ စကားပြေ မေးခွန်းတိုဖြစ်ပါသည်။ ဖြေဆိုရန်မေးထားသည့် ပုဒ်ရေအရေအတွက်မှာ (၇)ပုဒ်ဖြစ်ပါသည်။ ကဗျာနှင့် စကားပြေမေးခွန်းတိုများကို ဖြေဆိုရာတွင် ပေးထားသော မေးခွန်းနံပါတ်နှင့် မိမိရွေးချယ်ဖြေဆိုသောနံပါတ်တို့ တူညီမှုရှိရပါမည်။ မေးခွန်းနှင့် အဖြေ နံပါတ်ကိုက်ညီမှုမရှိပါက အဖြေမှန်စေကာမူ အမှတ်ဆုံးရှုံးမည်ဖြစ်ပါသည်။ စကားပြေမေးခွန်းတိုဖြေဆိုရာတွင်လည်း ကဗျာမေးခွန်းတိုကဲ့သို့ပင် ဝါကျအပြည့်အစုံ ရေးသားဖြေဆိုသင့်ပါသည်။

မေးခွန်းနံပါတ် ၄(ခ)သည် စကားပြေမေးခွန်းရှည် ဖြစ်ပါသည်။ စကားပြေမေးခွန်းရှည်သည်လည်း ကဗျာမေးခွန်းရှည်ကဲ့သို့ပင် ကျောင်းသား ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ မိမိကိုယ်ပိုင်အရေးအသား အတင်အပြစွမ်းရည်ဖြင့် မေးခွန်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်၏ တစ်ဝက် ပေးကာ စစ်ဆေးအကဲဖြတ်သည့် မေးခွန်းဖြစ်ပါသည်။ စကားပြေမေးခွန်းရှည် ဖြေဆိုရာတွင် မေးခွန်း၏ရှုထောင့်ကို သေချာစွာဖတ်ရှုပြီး မေးထားသည့် ရှုထောင့်အတိုင်း အံဝင်ခွင်ကျ ဖြေဆိုနိုင်ရန် အရေးကြီးပါသည်။ မေးခွန်းရှုထောင့်ကိုသတိမမူမိဘဲ မိမိအလွတ်ကျက်မှတ်ထားသည့် အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်း အမြောက်အမြား ရေးသားနေပါက ပေးမှတ်၏ တစ်ဝက်အောက်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၅**

မေးခွန်းနံပါတ်(၅)သည် ရေသည်ပြဇာတ်ဆိုင်ရာ မေးခွန်းဖြစ်ပါသည်။ ဤမေးခွန်းတွင် မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်ပါဝင်ပါသည်။ ပုဒ်ရေ အပြောင်းအလဲ မရှိပါ။ နံပါတ် ၅(က)သည် ရေသည်ပြဇာတ်စကားစပ် မေးခွန်းဖြစ်ပါသည်။ ယခင်(၇)မှတ်ပေးသည့် မေးခွန်းပုံစံအစား (၅)မှတ်ပေးသည့်မေးခွန်းပုံစံသို့ ပြောင်းလဲသတ်မှတ်ထားပါသည်။ ဖြေဆိုရာတွင် မေးထားသည့် စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅)ချက် (ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောသည်ဟူသော အချက်များ)အတွက် (၃)မှတ်၊ ဘာကိုပြောသည်ဆိုသောဆိုလိုရင်းကို ရှင်းလင်းရေးသားဖြေဆိုခြင်းအတွက် (၂)မှတ် အမှတ်ခွဲဝေလျာထားပါသည်။ စကားစပ်ဖြေဆိုရာတွင် လိုရင်းတိုရှင်း ဖြေဆိုနိုင်ရန် အထူးသတိပြုသင့်ပါသည်။ ပါဝင်သည့် အခန်းကို ဖော်ပြရာတွင် အခန်းနံပါတ်သက်သက်ကို ဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြသင့်ပါသည်။

**နမူနာ**

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅ မှတ်)

“ရွှေးလွန်းလျှင်မရ၊ သေးလွန်းလျှင်မလှတဲ့၊ ရှေးကပုံထား၊ လူထဲမှာနေ၊ လူ့ဖြစ်ထွေကို၊ အကျေသားနှင့်၊ ဇာတ်သွားရှည်အောင်၊ အရေးဆောင်လို့၊ ကွေ့ချောင်ဝေဝုစ်၊ ဘောက်စရာ လုပ်ရတုံး။”

မေးခွန်းနံပါတ် ၅(ခ)သည် ရေသည်ပြဇာတ် မေးခွန်းရှည်ဖြစ်ပါသည်။ ယခင်က (၈)မှတ်ပေးသောမေးခွန်းကို ပေးမှတ် (၁၀)မှတ်သို့ ပြောင်းလဲထားပါသည်။ ယခင်က အကြောင်းအရာပိုင်းကိုသာ မေးသော်လည်း မေးခွန်းပုံစံသစ်တွင် ပြဇာတ်အကြောင်းအရာပိုင်း တစ်ပုဒ်၊ ပြဇာတ်အတတ်ပညာ၊ အရေးအသားတစ်ပုဒ် မေးမြန်းပြီး နှစ်သက်ရာကို ရွေးချယ်ဖြေဆိုစေမည် ဖြစ်ပါသည်။ ပြဇာတ်အကြောင်းအရာပိုင်းကို မေးရာတွင်လည်း သမားရိုးကျပုံစံမဟုတ်ဘဲ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာမေးသည့် မေးခွန်းပုံစံသို့ ပြောင်းလဲမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် ပြဇာတ်လေ့လာရာတွင် ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏အရေးအသား အတင်အပြနှင့် ပြဇာတ်ဖန်တီးမှု အတတ်ပညာတို့ကိုလည်း မလွဲမသွေ လေ့လာဆည်းပူးသင့်သည်ဖြစ်ရာ အတတ်ပညာနှင့် အရေးအသားတို့သည်လည်း ပြဇာတ်မေးခွန်းတွင် ပါဝင်လာပါမည်။

**နမူနာ**

၅။ (ခ) ရေသည်ပြဇာတ်မှ အောက်ပါ **<u>တစ်ခု</u>** ကို ဖြေဆိုပါ။(၁၀မှတ်)

(၁) ရေသည်မိန်းမဆင်းရဲပုံ

(၂) ရေသည်ပြဇာတ်မှ ပြောင်မြောက်သောစကားအသုံးများ

**မေးခွန်းနံပါတ် ၆**

မေးခွန်းနံပါတ်(၆)သည် ယခင်က စာစီစာကုံးတစ်မျိုးတည်းကိုသာ ဖြေဆိုရသည့် မေးခွန်းဖြစ်သော်လည်း ပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် မေးခွန်းနံပါတ် (၆)ကို (က)နှင့် (ခ)ခွဲ၍ မေးခွန်းပုဒ်ခွဲ နှစ်ပုဒ်အဖြစ် ပြင်ဆင်ထားပါသည်။ ၆(က)ကို (၁၀)မှတ်ပေးသည့် စာစီစာကုံး မေးခွန်းအဖြစ်လည်းကောင်း၊ ၆(ခ)ကို အဆိုတစ်ခုဆွေးနွေးစေသည့် (၁၀)မှတ် ပေးသော မေးခွန်းအဖြစ်လည်းကောင်း ပြောင်းလဲထားပါသည်။ ယခင် အမှတ်(၂၀)ပေးသည့် စာစီစာကုံးတစ်ပုဒ်တည်းကို ဖြေဆိုရခြင်းမှ စာစီစာကုံးနှင့် အဆိုဆွေးနွေးအရေးအသား နှစ်ပုဒ်ခွဲဝေ ဖြေဆိုရမည်ဖြစ်သည်။ နှစ်ပုဒ်ဖြေဆိုရမည်ဖြစ်ရာ နှစ်ခါစဉ်းစားဖြေဆိုရမည့် အချက်ကို အထူးသတိပြုရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ စဉ်းစားရမည့်အချိန်၊ ရေးသားရမည့်အချိန်တို့ကို လုံလောက်မှုရရှိစေရန် ကြိုတင်လေ့ကျင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

၆(က) စာစီစာကုံးမေးခွန်းတွင် (၂)ပုဒ်ပေးထားပြီး (၁)ပုဒ် ဖြေဆိုရမည်ဖြစ်သည်။ စာစီစာကုံးရေးသားရန် ပုံကြမ်းအချက်အလက်(၅)ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုသင့်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ယေဘုယျအားဖြင့် အချက်တစ်ချက် (၂)မှတ်နှုန်းဖြင့် အကဲဖြတ်ရန် လျာထားပါသည်။ စာစီစာကုံးဖြေရာတွင် အထူးသတိပြုရမည့်အချက်မှာ မေးထားသည့် ပုံကြမ်းအချက်အလက်များကို မိမိ၏ကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် ရေးသားဖြေဆိုရန် ဖြစ်ပါသည်။ ပေးထားသည့် ပုံကြမ်းအချက်အလက် အစီအစဉ်အတိုင်း မိမိကိုယ်ပိုင်အရေးအသားဖြင့် ဖြေဆိုရမည်ဖြစ်ရာ ပုံကြမ်းအချက်အလက်များကိုအခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်ရရှိနိုင်မည် မဟုတ်သည်ကို အထူးသတိပြုသင့်ပါသည်။ ယခုပြောင်းလဲထားသည့် မေးခွန်းပုံစံတွင် စာစီစာကုံးကို အလွတ်ကျက်မှတ်နေပါက အချိန်များစွာကုန်မည့်အပြင် ရမှတ်လည်း ဆုံးရှုံးသွားနိုင်ပါသည်။

**နမူနာ**

၆။ (က) အောက်ပါတို့အနက် **<u>တစ်ခု</u>** ကို ပေးထားသော အချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု

မြင်တွေ့ရသော အကြောင်းရင်း၊ မြင်ကွင်း၏နေရာ၊ မြင်တွေ့ရသည့် အချိန်၊ မြင်ကွင်း၏ ကြည်နူးဖွယ်ကောင်းပုံ၊ မြင်ကွင်းကြောင့် ဖြစ်ပေါ်လာသော အတွေးများ။

(၂) ကျန်းမာခြင်းသည် လာဘ်တစ်ပါး

ကျန်းမာခြင်း၏ အရေးကြီးပုံ၊ ကျန်းမာရေးကို ဂရုစိုက်သင့်ပုံ၊ ကျန်းမာခြင်း၏ ကောင်းကျိုးများ၊ မကျန်းမာခြင်း၏ ဆိုးကျိုးများ၊ ကျန်းမာခြင်းနှင့် ပတ်သက်သော သင့်အတွေးအမြင်။

မေးခွန်းနံပါတ် ၆(ခ)သည် အသစ်ဖြည့်စွက်ထည့်သွင်းထားသော မေးခွန်းဖြစ်ပါသည်။ ပေးထားသောအဆိုတစ်ရပ်ကို ဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော ပင်ကိုအရည်အသွေး ဖော်ထုတ်ပြသရမည့် မေးခွန်းဖြစ်ပါသည်။ အဆိုကို ဆွေးနွေးဖြေဆိုရာတွင် စာဟန်အရေးအသားဖြင့်သာ ရေးသားရမည်ကို အထူးသတိပြုရပါမည်။ ကျောင်းသား ကျောင်းသူတို့၏ ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင် ကောင်းသလောက်၊ အရေးအသား အတင်အပြကောင်းလျှင် ကောင်းသလောက် အမှတ်ရရှိနိုင်မည့် မေးခွန်းဖြစ်ပါသည်။ ပေးထားသောအဆိုမှာလည်း ကျောင်းသား ကျောင်းသူအားလုံး ရင်းနှီးကျွမ်းဝင်မည့် ယေဘုယျကျသော အဆိုမျိုးကိုသာ ပေးထားမည်ဖြစ်ပါသည်။

**နမူနာ**

၆။ (ခ) အောက်ပါအဆိုများအနက် **<u>တစ်ခု</u>** ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။

(၂) ဂျာနယ်ဖတ်ခြင်းသည် သတင်းစာဖတ်ခြင်းထက် ပို၍ ဗဟုသုတရရှိသည်။

အဆိုဆွေးနွေးအရေးအသားဖြေဆိုရန်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို အလေးထားသတိပြုရမည်ဖြစ်သည်။ အဆိုဆွေးနွေးမေးခွန်းအတွက် ရေးသားချိန်သည် မိနစ်(၂၀)၊ (၂၅)မိနစ်ခန့်သာ ရရှိနိုင်မည်ဖြစ်ရာ ဖြေဆိုရမည့်ပမာဏကို ချိန်ဆနိုင်ရန် အထူးအရေးကြီးပါသည်။ အဆိုဆွေးနွေးအရေးအသားအတွက် စာပိုဒ်(၄)ပိုဒ်သာ ရေးသားဖြေဆို သင့်သည်။ ပထမပိုဒ်သည် အစပျိုးသည့်နိဒါန်းဖြစ်ပြီး ဒုတိယနှင့် တတိယပိုဒ်တို့သည် စာကိုယ် ဖြစ်ပါသည်။ စတုတ္ထပိုဒ်မှာ မိမိ၏ရပ်တည်ချက်ကို အတည်ပြု နိဂုံးချုပ်သည့် အပိုဒ်ဖြစ်သည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်ကို (၅)မိနစ်ခန့်သာ အသုံးပြုသင့်ပါသည်။ စာပိုဒ် တစ်ပိုဒ်ကို ပမာဏမည်မျှရေးသင့်သည် ဆိုသည်မှာမူ ပေးမှတ်နှင့် ချိန်ဆရမည် ဖြစ်သည်။ အဆိုဆွေးနွေးအရေးအသားကို စစ်ဆေးအကဲဖြတ်ရန်အတွက် ယေဘုယျအားဖြင့် ပထမပိုဒ် နိဒါန်းနှင့် စတုတ္ထပိုဒ် နိဂုံးကို(၂)မှတ်စီ၊ ဒုတိယပိုဒ်နှင့် တတိယပိုဒ် စာကိုယ်များကိုမူ (၃)မှတ်စီ သတ်မှတ်လျာထားပါသည်။

တက္ကသိုလ်ဝင်တန်းမြန်မာစာဘာသာရပ်သည် မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရကို ဖော်ကျူးသည့်ဘာသာရပ်ဖြစ်ရာ ဘာသာရပ်၏ အနှစ်သာရကို သိရှိအောင် လေ့လာသင်ယူရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုရာတွင် ကျောင်းသား ကျောင်းသူများသည် သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ ဓမ္မဓိဋ္ဌာန်မေးခွန်း၊ စကားပြေ၊ ကဗျာ၊ ရေသည် ပြဇာတ်ပါ အချက်အလက်မေးခွန်း စသည်တို့ကို တိတိကျကျ ကျက်မှတ်ရမည်ဖြစ်ပြီး လိုရင်းအချက်အလက်ကို တိတိကျကျဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ မိမိစိတ်ကူးစိတ်သန်း၊ အတွေးအခေါ်ဖြင့် အရေးအသားစွမ်းရည်ကို ပြသရမည့် မေးခွန်းများတွင်မူ မေးခွန်းကို ကောင်းစွာ နားလည်သဘောပေါက်အောင်ဖတ်ရှုပြီး မိမိသိရှိထားသည့်၊ လေ့လာမှတ်သားထားသည့် အချက်အလက်များကို မိမိ၏မြန်မာစာအရေးအသားစွမ်းရည်၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်တို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအားလုံး မြန်မာစာဘာသာရပ်ကို အခက်အခဲမရှိ ဖြေဆိုနိုင်ပြီး အောင်ပန်းဆွတ်ခူးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉ -၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၃၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၂၅ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၀ | ၂၈၀၀ |
| 95 Ron | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၁၀ | ၂၂၈၅ | ၂၃၈၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၁၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၂၈၈၀ |
| HSD (500 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၀ | ၂၃၀၅ | ၂၃၃၅ | ၂၃၄၀ | ၂၃၄၀ | ၂၅၇၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၃၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၂၀ | ၂၄၂၀ | ၂၆၅၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၃၃၀ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၂၀ | ၂၄၂၀ | ၂၆၅၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၄ | ၂၁၅၉ |
| 95 Ron | ၂၁၄၀ | ၂၂၁၇ |
| HSD (500 ppm) | ၂၁၄၃ | ၂၂၁၆ |
| HSD (50 ppm) | ၂၂၁၇ | ၂၂၉၁ |
| HSD (10 ppm) | ၂၂၁၇ | ၂၂၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း(အရှေ့)ရပ်ကွက်နေ မြနိုင်သည် ၎င်းအသုံးပြုသည့် “Mya Naing” Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ်နေ ကေခိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Kay Kahing Win” Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် (၁၀/၃၄)ရပ်ကွက်နေ ထက်အောင်ကိုကိုသည် ၎င်းအသုံးပြုသည့် “Htet Aung Ko Ko” Facebook အကောင့်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရေအုပ်ကန်ကျေးရွာနေ အောင်ကိုငြိမ်းသည် ၎င်းအသုံးပြုသည့် “Aung Ko Nyein” Facebook အကောင့်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အင်းသာကျေးရွာနေ သီဟထွန်း(ခ)သားသားသည် ၎င်းအသုံးပြုသည့် “Thiha Tun” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်နေ အောင်ခိုင်ဦးသည် ၎င်းအသုံးပြုသည့် “Aung Khaing Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နေ အာကာကျော်သည် ၎င်းအသုံးပြုသည့် “Arkar Kyaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၃၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၆ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ည ၁၁ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု၊ လွယ်စီတုံ-ယန်းခေါင်-မိုင်းဟဲကျေးရွာသွားလမ်းတွင် မိုင်းဟဲဘက်မှ လွယ်စီတုံဘက်သို့ စိုင်းဆိုင်နွမ်း မောင်းနှင်ပြီး စိုင်းလုံသန်း လိုက်ပါလာသည့် Lexus မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃၆၀၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး(ယာပုံ) စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း) များအား ကျိုင်းတုံမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး



ပိဋကတ်ကျောက်စာဓမ္မစေတီတော်
(ကျောက်စာချပ်-အလျား ၄၅"၊ အမြင့် ၉၃"၊
အထူ ၇. ၂")၂ ချပ်ပါ



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀)အုပ်
(ပါဠိရိုမန်အင်္ဂလိပ်/ပါဠိမြန်မာ)



အလှူရှင်၏ကမ္ပည်းမှတ်တမ်း

၁။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင်ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)တို့ကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင်ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဥရောပနိုင်ငံမှ ထုတ်လုပ်သော(Creamy)အမျိုးအစားစက္ကူ 60 gsm၊ သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျစိစစ်ပြုစုပုံနှိပ်ပြီး ကျမ်းစာအုပ်(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ရေးနှိုးဆော်ခဲ့ရာ အလှူရှင်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာ ထည့်ဝင်လှူဒါန်းခဲ့ကြသောကြောင့် ၅၀၀ စုံ(၂၀၀၀၀ အုပ်)အတွက် လှူဒါန်းပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဒုတိယအကြိမ်အဖြစ် ဘာသာရေးကျမ်းစာအုပ်များကိုသာ ပုံနှိပ်ရန်အတွက် သန့်ရှင်းသောမြေပေါ်တွင် သီးသန့်စိုက်ပျိုးထားသည့် ထင်းရှူးပင်မှရသော ကုန်ကြမ်းအား အသုံးပြုပြီး အထူးအမှာစာပေးပို့မှာယူရသည့် ဂျပန်နိုင်ငံထုတ်(Creamy Coated Paper)ဖြင့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)၅၀၀ စုံ(၂၀၀၀၀ အုပ်)တို့ကို ထပ်မံထုတ်ဝေပူဇော်ပြီး လိုအပ်နေသေးသည့် ထေရဝါဒဗုဒ္ဓဘာသာသင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့် လှူဒါန်းလိုပါကလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား** အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)(၁)စုံလျှင် (၂၀)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်-၁၀၀၀၁၀၀၀၁၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်- ၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ၀၁၄၃၀၄၀၁၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော-၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

ဦးစိုးလွင်ကျော်-ဖုန်း-၀၉-၆၉၁၀၀၀၉၆၉၊ ၀၉-၄၅၀၀၇၀၀၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း-၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၇၆၄။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း/အမှုထမ်းမိသားစုများ | ၂၇၉၀၀၀၀၀ |
| ၃၇၆၅။ | ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် (ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့မှူး)နှင့်ဇနီး ဒေါ်ညိုတူးမာ၊ (သား)မောင်အောင်ကောင်းသန့်ကျော်မိသားစု (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) | ၁၇၉၀၀၀၀၀ |
| ၃၇၆၆။ | ဗိုလ်မှူးချုပ်ဇေယျကျော်ထင်အေးစန်(ငြိမ်း)+ဒေါ်ခင်ခင်၊ သမီးကြီး ဒုတိယဗိုလ်မှူးကြီးသန်းမြင့်+ဒေါ်တင်တင်သန်းအေး၊ သားကြီး ဦးအောင်မင်းအေး+ ဒေါ်ခင်မမ၊ သမီးငယ် ဒုတိယဗိုလ်မှူးကြီးမင်းနိုင်+ဒေါ်နုနုအေး၊ သားငယ် ဦးဖုန်းမြင့်အေး+ ဒေါ်ခင်လေးစိုး၊ မြေး ၈ ယောက်၊ မြစ် ၆ ယောက်မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၇၆၇။ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးခင်မောင်ဝင်း(အမြဲတမ်းအတွင်းဝန်-ငြိမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)+ဒေါ်နန်းမာမာကြူ(ကျန်းမာရေးဆရာမ-ငြိမ်း)၊ (သား) ဗိုလ်ကြီးမျိုးမင်းသန့်(B.E, M.E, Ph.D,D.Sc-thesis-MPEI)၊ (သမီး)ဒေါက်တာနွေးနွေးယုလှိုင် (သားဖွားမီးယပ်အထူးကု)မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ ပထမအကြိမ်) | ၂၅၀၀၀၀၀၀ |
| ၃၇၆၈။ | ဦးလှသိန်း(ဦးဆောင်ညွှန်ကြားရေးမှူး)(ငြိမ်း)သတ္တုတွင်းဝန်ကြီးဌာနနှင့် ဇနီး ဒေါ်မာလာမျိုးစိန်၊ (သား)မောင်လှဖြိုးပြည့်သိန်း၊ (သမီး)မရွှေဝတီလှသိန်း မိသားစုကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၇၆၉။ | ZIN HTET TRADING Co.,Ltd (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |
| ၃၇၇၀။ | ကွယ်လွန်သူဦးသန်းခိုင်၊ ဒေါ်စောတင်၊ ဦးအောင်ကြည်၊ ဒေါ်တင်မြင့်တို့အား ရည်စူး၍ ဦးကျော်ဝင်း+ဒေါ်အေးအေးကြည်၊ (မြေး)မောင်သစ်ထူးစံကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ စတုတ္ထအကြိမ်) | ၅၀၀၀၀၀၀ |
| ၃၇၇၁။ | ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီးဦးအောင်သန်းနှင့်မိခင်ကြီးဒေါ်လှိုင်ရှင်း တို့အားရည်စူး၍ ဒေါ်သင်းသင်းနွဲ့နှင့်မောင်နှမများကောင်းမှု (ဓမ္မစေတီတော်-၁ ဆူ) | ၂၇၉၀၀၀၀၀ |

### သာသနိကအဆောက်အဦ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၇၇၂။ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း/အမှုထမ်းမိသားစု | ၈၁၄၄၅၀၀ |
| ၃၇၇၃။ | ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့်ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းဆေးမိသားစုကောင်းမှု (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၃ ခန်း၊ စိန်တောင်စကျင်ကနုတ်- ၁ ခု) | ၁၀၀၀၀၀၀၀ |
| ၃၇၇၄။ | ဦးလှသိန်း | ၃၄၉၀၀၀၀၀ |
| ၃၇၇၅။ | (ဗိုလ်မှူးတင်ဝင်း-ငြိမ်း)+ဗိုလ်ကြီးသန်းသန်းနွဲ့ထယ်(ငြိမ်း)မိသားစု | ၁၀၀၀၀၀၀ |
| ၃၇၇၆။ | နှစ်ဖက်မိဘများဖြစ်ကြသော ကွယ်လွန်သူ ဦးဆယ်မောင်+ဒေါ်တင်တင်မြင့်၊ ဦးဖြိုင်+ဒေါ်သန်းညွန့်တို့အားရည်စူး၍(သား)တပ်ကြပ်ကြီးထင်လင်းထက်နှင့်ဇနီး သားဖွားတပ်ကြပ်ကြီးဒေါ်စိန်ငွေ၊ မြေးများဖြစ်ကြသော မဆုသီရိထက်၊ မနှင်းနန္ဒာထက်၊ မခင်သဒ္ဒါထက်မိသားစု (စိန်တောင်စကျင်ကနုတ်-၁ ခု) | ၇၀၀၀၀၀ |
| ၃၇၇၇။ | ခင်ပွန်း ဦးအောင်ရှိန်အားရည်စူး၍ ဇနီးဒေါ်မာမာအေးမိသားစု (မဟာရံတံတိုင်းအင်္ဂတေ-၁ ကျင်း) | ၄၁၀၀၀၀ |
| ၃၇၇၈။ | ဦးထွန်းမြင့်(မန်နေဂျာ)(MEIS)နှင့်ဒေါ်ထွေးရှင်မိသားစု | ၃၀၀၀၀၀ |
| ၃၇၇၉။ | ဒေါ်စန်းမြ | ၃၀၀၀၀၀ |
| ၃၇၈၀။ | ဗိုလ်ကြီးနွယ်ဝင်းမိသားစု (ကြွေပြား-၁ ကျင်း) | ၂၀၀၀၀၀ |
| ၃၇၈၁။ | ကွယ်လွန်သူတပ်ကြပ်ဆန်းကိုအောင်အားရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်ယဉ်ယဉ်သန်း၊ (သမီး)မခင်သန္တာအောင်၊ (သား)မောင်လှိုင်ဝင်းအောင်မိသားစု (စစ်ကိုင်းမြို့) (ကြွေပြား-၁ ကျင်း) | ၂၀၀၀၀၀ |
| ၃၇၈၂။ | ဧရာဝတီတိုင်းဒေသကြီး တိုင်း/ခရိုင်/မြို့နယ်အားကစားဝန်ထမ်းများ | ၂၀၀၀၀၀ |
| ၃၇၈၃။ | ဒေါ်သန်းမြိုင်မိသားစု (ဖျာပုံမြို့) | ၁၅၀၀၀၀ |
| ၃၇၈၄။ | တပ်ကြပ်ကြီးအောင်မြသိန်း+ဒေါ်တင်ကြွေ | ၁၁၀၀၀၀ |
| ၃၇၈၅။ | မောင်ဘုန်းသစ်ခန့်ညား(၁၅)နှစ်ပြည့်မွေးနေ့အလှူ | ၁၀၀၀၀၀ |
| ၃၇၈၆။ | ဗိုလ်မှူးကြီးမြတ်မင်းသန်းနှင့်ဇနီး ဒေါ်နီလာကျော်မိသားစု | ၁၀၀၀၀၀ |
| ၃၇၈၇။ | ကွယ်လွန်သူတရုတ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေအား ရည်စူး၍ ဦးထွန်းထွန်းဦးမိသားစု | ၃၀၀၀၀ |
| ၃၇၈၈။ | ဒေါ်ကြည်ကြည်ဝင်း | ၃၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၇၈၉။ | ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) ကျောင်းဆင်းအရာရှိမိသားစုများ (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၃၇၉၀။ | မိုးသောက်ကြယ်မင်းကုမ္ပဏီမိသားစု (အထူး Bibble Paper စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၂၀၀၀၀၀၀ |
| ၃၇၉၁။ | ဆေးတက္ကသိုလ်(၁)(ရန်ကုန်)၊ ဆေးတက္ကသိုလ်(၂)(ရန်ကုန်) (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၂။ | ဆေးတက္ကသိုလ်(မန္တလေး) (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၃။ | ဆေးတက္ကသိုလ်(တောင်ကြီး)၊ ဆေးတက္ကသိုလ်(မကွေး)၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၄။ | ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၅။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၆။ | ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၊ ဆေးဝါးတက္ကသိုလ်(မန္တလေး)၊ သူနာပြုတက္ကသိုလ်(မန္တလေး) (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၇။ | ဦးအောင်စိန်+ဒေါ်စန်းမြင့်သားသမီးနှင့်မြေးတစ်စုကောင်းမှု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၈။ | ဦးမြင့်သိန်း+ဒေါ်ခင်သန်းမြင့်သားသမီးများကောင်းမှု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၇၉၉။ | ဒေါ်သံသာစံမိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |
| ၃၈၀၀။ | တပ်ကြပ်ကြီးစိုးပိုင်(ငြိမ်း)+ဒေါ်မာမာရီမိသားစု (Creamy စက္ကူ ကျမ်းစာအုပ်-၁ စုံ) | ၁၂၀၀၀၀၀ |

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ချောက်ခရိုင်တရားရုံးတော်**

**၂၀၁၈ခုနှစ်၊ တရားမကြီးအမှုအမှတ်-၉၆ နှင့်ဆက်နွယ်သည့်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃၂**

အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် (ကျောက်ပန်းတောင်းဘဏ်ခွဲ) နှင့် ၁။ ဦးမျိုးညွန့် ၂။ ဒေါ်ခင်ခင်ဝေ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရေနံချောင်းမြို့၊ ရွာသစ်ဒိုင်နယ်၊ အေးစေတီရပ်နေ (၁)တရားရှုံး ဦးမျိုးညွန့် ၊ (၂) တရားရှုံး ဒေါ်ခင်ခင်ဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ခုနှစ်၊ တရားမကြီးအမှုအမှတ် ၉၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ်လ ၃ရက် (၁၃၈၄ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှထွန်း)
ခရိုင်တရားသူကြီး
ချောက်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကျေးရွာအုပ်စုရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၅၆)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ (လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေးအေးဝင်း ၁၃/နဆန(နိုင်)၀၃၀၉၈၁ထံမှ ဦးအောင်မြင့်ထွေး ၁၂/မဂတ(နိုင်)၀၁၀၀၁၄ က(အရပ်ကတိစာချုပ်)ဖြင့် ငွေအကြေပေးချေဝယ်ယူပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်မြင့်ထွေး**
**၁၂/မဂတ(နိုင်) ၀၁၀၀၁၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**"နိုင်"ဥပဒေအကျိုးဆောင်**
**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၇၂/၁၇၃)၊ မြေဧရိယာအကျယ်အဝန်း(၀.၀၅၅)ဧက(လက်ရှိမြေပေါ်ရှိအတိုင်းအတာ) မြေကွက်နှင့်နေအိမ်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန်းမိန်မိန်း (ခ)ထွယ်ဆန်အောင် ၉/ပဥလ(နိုင်) ၀၆၆၈၆၇ထံ မှ ဦးဟိန်းဇာနည်မျိုး ၁/ဟပန(နိုင်)၀၀၅၉၉၆က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ဝယ်ယူခဲ့သည့် မြေနှင့်ပတ်သက်၍ ရောင်းချသူဘက်မှ ဂရန်သက်တမ်းတိုးရန် ဆောင်ရွက်နေသဖြင့် ဂရန်သက်တမ်းတိုးပြီးစီးသည့်အချိန်တွင် ကျန်ငွေအားပေးချေမည်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဟိန်းဇာနည်မျိုး**
**၁/ဟပန(နိုင်) ၀၀၅၉၉၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(LL.B,D.B.L)၊ တရားလွှတ်တော်ရှေ့နေ**
**"နိုင်"ဥပဒေအကျိုးဆောင်**
**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## အထူးကိုယ်စားလှယ်လွှဲစာအားပြန်လည်ရုပ်သိမ်းခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းမြို့နယ်နေ ဦးစိန်မောင်(ဘ)ဦးဘိုးဆောင် ၇/ဖမန(နိုင်)၀၇၂၃၇၈အနေဖြင့် တာချီလိတ်မြို့၊ တော်ကော့နှိုင်း၊ အမှတ်(၁၄၆)နေ ဒေါ်နန်းဆမ်သီး ၁၃/ကတန(နိုင်) ၀၅၇၆၅၅အား (၃-၁-၂၀၁၀)ရက်တွင် ကျိုင်းတုံမြို့ စာချုပ်စာတမ်းရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၃၆၃/၂၀၁၀)ဖြင့်လည်းကောင်း၊ တာချီလိတ်မြို့၊ ဆန်ဆိုင်းအထက်နေ မအီရွတ် ၁၃/တခလ(နိုင်)၀၀၃၀၆၁အား (၁၄-၁၂-၂၀၁၀)ရက်တွင် ကျိုင်းတုံမြို့စာချုပ်စာတမ်းရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၈၅/၂၀၁၀)ဖြင့်လည်းကောင်း၊ မိုင်းယောင်းမြို့၊ အမှတ်(၇)နေ မသန္တာအေး ၁၃/မယတ(နိုင်) ၀၀၀၀၇၈အား (၃-၁၂-၂၀၁၀)ရက်တွင်ကျိုင်းတုံမြို့ စာချုပ်စာတမ်းရုံး၌ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၃၆၂/ ၂၀၁၀)ဖြင့်လည်းကောင်း၊ ကျိုင်းတုံမြို့၊ ကန်တိုက်အုပ်စု၊ ဝမ်ဟိုင်းရွာနေ စိုင်းဆမ်တစ် ၁၃/ကတန(နိုင်)၀၅၅၀၆၉အား (၃-၁၂-၂၀၁၀)ရက်တွင် ကျိုင်းတုံမြို့စာချုပ်စာတမ်းရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၀/၂၀၁၀)ဖြင့်လည်းကောင်း လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်းကိုယ်စားလှယ်စာများအား ဆက်လက်အသုံးမပြုလိုတော့ပါသဖြင့် ကျွန်ုပ်၏ကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်မောင်**
**၇/ဖမန(နိုင်)၀၇၂၃၇၈**

## သားသမီးအဖြစ်မှစွန့်လွှတ်ခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ကြီးအင်းကျေးရွာနေ ဦးဇော်ဝင်းအောင်၏ သားသမီးများဖြစ်ကြသော မဇင်စပယ်ထွန်း ၉/တကန(နိုင်)၂၀၂၈၈၁နှင့် မောင်ဇင်ကိုလင်း (၉/တကန(နိုင်)၂၂၀၈၇၃တို့သည် အမွေခွဲဝေပေးပြီးဖြစ်သော်လည်း ဖခင်ဖြစ်သူ၏ ကိုယ်ရေးကိုယ်တာကိစ္စများအား နှောင့်ယှက်နေသဖြင့် ယနေ့မှစ၍ သားသမီးအဖြစ်မှ အပြီးစွန့်လွှတ်လိုက်သည်။

**ဖခင်-ဦးဇော်ဝင်းအောင်**
**၉/တကန(နိုင်)၁၁၃၉၈၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5862 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ်-၃၉(စ)/ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ် (၂၆၀)၊ မြေ ဧရိယာ သုညဒသမ၀၄၄ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ် (၃၂၂/၁၉၉၇-၁၉၉၈)အရ ဦးဝါငြေ၊ ဒေါ်မြင့်ငွေး အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်သည် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန်လျှောက်ထားနိုင်ရေး ဒေါ်မြင့်ငွေး ၆/ကစန(နိုင်)၀၁၇၂၈၅မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ အမှတ်(၂၀၈)၊ နှစ်ထပ်နေအိမ်အဆောက်အအုံမှာ ကွယ်လွန်သူ ဦးကျော်လှအောင်၊ ဒေါ်အနု (ခ)ဒေါ်မသာနု တို့ ပိုင်ဆိုင်သော ဂရန်အမည်ပေါက်မြေကွက်နှင့်နေအိမ်ဖြစ်ပါသည်။ ၎င်းတို့တွင်သားသမီး(၆)ဦးရှိပါသည်။ (၁)ဦးဘကျော်၊ (၂)ဒေါ်အေးနု (ကွယ်လွန်)၊ (၃) ဒေါ်လှလှနု၊ (၄)ဦးစောလှကျော် (ကွယ်လွန်)၊ (၅)ဒေါ်ခင်အေးနု၊ (၆)ဦးမောင်လှကျော်တို့ဖြစ်ပါသည်။ ဦးကျော်လှအောင်နှင့် ဒေါ်အနု(ခ)ဒေါ်မသာနုတို့ ကွယ်လွန်သွားပြီးနောက်တွင်ဦးစောလှကျော်မှ အမွေပိုင်ဆိုင်သူ သားသမီးများအားလုံးနှင့် ညှိနှိုင်းသဘောတူညီမှုမရှိဘဲ မိမိ၏ သဘောဖြင့် အဆိုပါအမွေဆိုင်ပစ္စည်းမြေနှင့်နေအိမ်အား တရားမဝင်ရယူပြီး၊ မမှန်မကန် ၎င်း၏ဂရန် အမည်ပေါက် ဆောင်ရွက်ပြီးရယူထားရှိခဲ့ပါသည်။ ဦးစောလှကျော်ကွယ်လွန်ပြီးနောက် အဆိုပါမြေနှင့်နေအိမ်အား အခြားအမွေဆက်ခံပိုင်ခွင့်ရှိသူများက ဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ခွင့်ကို ဥပဒေအရ အညီအမျှ ခွဲဝေရန်ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါ၍ အဆိုပါမြေနှင့်အဆောက်အအုံအား အမွေဆိုင်များအားလုံးသဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းစသည်အားဖြင့် တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်လှသိန်း B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၉/၇၉၊ ၂၄-၄-၇၉)**
**ခြံအမှတ်(၂၅၄)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၅၁၀၄၊ ၀၁၃၆၄၄၀၈၇**

## အများသိစေရန် အသိပေးအကြောင်းကြားခြင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ ၉၊ ၁၀၊ ၁၁ (အေးရိပ်မွန် အိမ်ရာ)၊ မြေကွက်အမှတ် ၁၀၃၊ ၀ဒသမ၁၅၃ ဧက၊ မြေကွက်တည်နေရာအမှတ် (၃)၊ ပိတောက်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်မေစန္ဒာဝင်း ၁၂/အစန(နိုင်)၁၃၄၃၆၃ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်မြေအား အမည်ပေါက် ကိုယ်တိုင်မှ ခရီးသွားလာရင်း ဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း လှိုင်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ လှိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်း ထောက်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အဆိုပါမြေအိမ်နှင့် ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းအစရှိသည့် အရှုပ်အရှင်းများကင်းရှင်းပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူကြောင်း ၁၀-၇-၂၀၂၀ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဌာနမှသတ်မှတ်ထားသည့် ဂရန်(မိတ္တူမှန်) လျှောက်ထားလာရာ ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်၍ ကန့်ကွက်ရန်မရှိပါက နှစ် ၆၀ မြေငှားစာချုပ်ဂရန်(မိတ္တူမှန်) ထုတ်ပေးမည်ဖြစ်ပါသောကြောင့် ၅-၁၁-၂၀၀၃ ရက်စွဲပါ အမှုတွဲအမှတ် လ(စီမံကိန်း)အေးရိပ်မွန် / ၄၅၀/၂၀၀၃အရ ထုတ်ပေးသည့် ဒေါ်မေစန္ဒာဝင်းအမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်ဂရန်မူရင်းအား မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၆၃)၊ လူနေရပ်ကွက်အမှတ် (၁၇)၊ မော်ဘီလမ်း၊ မြေကွက်အမှတ် (၂၉၆၅--က)ဟု ခေါ်တွင်သော (အလျားပေ ၂၀xအနံ ပေ ၆၀)ရှိ ဒေါ်သန်းအေး အမည်ပေါက် ပါမစ်မြေကွက်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၆၃)၊ လူနေရပ်ကွက်အမှတ် (၁၇)၊ မော်ဘီလမ်း၊ မြေကွက်အမှတ် (၂၉၆၅-ခ) ဟု ခေါ်တွင်သော (အလျားပေ ၂၀xအနံပေ ၆၀)ရှိ ဒေါ်တရုတ်မ(ခ)ဒေါ်မူမူ အမည်ပေါက် ပါမစ်မြေကွက်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၆၃)၊ လူနေရပ်ကွက်အမှတ် (၁၇)၊ မော်ဘီလမ်း၊ မြေကွက်အမှတ် (၂၉၆၆-က) ဟု ခေါ်တွင်သော (အလျားပေ ၂၀xအနံပေ ၆၀)ရှိ ဦးသန်းထွန်း အမည်ပေါက် ပါမစ်မြေကွက်နှင့်

(၄) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/၆၃)၊ လူနေရပ်ကွက်အမှတ် (၁၇)၊ မော်ဘီလမ်း၊ မြေကွက်အမှတ် (၂၉၆၆-ခ) ဟု ခေါ်တွင်သော (အလျားပေ ၂၀xအနံပေ ၆၀)ရှိ ဒေါ်ခင်ကြည်အမည်ပေါက် ပါမစ်မြေကွက်။

အထက်ဖော်ပြပါ မြေကွက် (၄)ကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ ဦးကျိန်းချိုင် ၁၃/လရန(နိုင်) ၁၀၃၀၇၈မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဈာန် (LL.B) (စဉ်-၅၀၄၈၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၁၆၉/က)၊ မကွေး (၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့**
**ဖုန်း-၀၉-၄၄၄၄၂၁၅၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ်ကွက်၊ အကွက်အမှတ်(၃၆) သုံးပင်ကွင်းရပ်၊ ဦးပိုင်အမှတ် (၃၇/၇)၊ ဧရိယာ(၀ဒသမ၀၄၀)ဧကရှိ မြေကို ဒေါ်နွဲ့ယဉ်အောင် အမည်ဖြင့် မြေပေးမိန့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ တာကလေးရပ်ကွက်၊ အကွက်အမှတ်(၆၀)၊ လယ်တော်အနောက်ရပ်၊ ဦးပိုင်အမှတ် (၅၀၆)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကို ဒေါ်အိမွန်ကျော် အမည်ဖြင့် မြေပေးမိန့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ဟင်္သာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4986, Nissan AD VAY 12 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ Tan Hoe Pho(ခ)အောင်ခိုင်ညွန့်၁၂/လသန(ပြု)၀၀၁၁၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၁၆၉၇၄, ဟွန်ဒါဝေး 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုရီ ၆/ရဖန(နိုင်)၁၃၅၂၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂)၊ မြေကွက်အမှတ်(၆၅၂)၊ (၅၂)ရပ်ကွက်၊ (၅၀x၆၀)ပေအကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းမှတ်တမ်းတွင် ဒေါ်ကျင်မြိုင်အမည်ဖြင့်ချပေးထားသော မြေချပါမစ်အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (၅၀x၆၀)ပေ အကျယ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ပါမစ်မူရင်း(ခေါင်းရင်းဘက်ခြမ်း)၊ (၂၅x၆၀)ပေအကျယ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်သီတာအေး ၇/တငန(နိုင်) ၁၀၄၆၆၀ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝါဝါထွန်း ၁၂/စခန(နိုင်)၀၅၂၀၀၉က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန်(LL.B,D.B.L) | ဦးသုထက်ကျော်လွင် | ဒေါ်ချယ်ရီသန်းစိုး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၄၉၆၃/၂၀၂၂) |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(**29-D**)၊ သံလွင်လမ်းသွယ်လမ်း၊ ခြံအမှတ် (**9-B**)၊ မြေကွက်အမှတ်(၄၃၉ စီ/၁အေ)၊ အကျယ်အဝန်း (၀.၁၅၁)ဧကရှိ ဦးမောင်မောင်ဝင်း (၁၂/ကတတ (နိုင်) ၀၁၆၆၁၈) အမည်ပေါက် မြေပိုင်မြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမောင်မောင်ဝင်း (၁၂/ကတတ (နိုင်) ၀၁၆၆၁၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ တိုက်အမှတ်(၅၈၈/က+ခ)၊ အခန်း-(ပထမထပ်)(၂-လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၇ပေ× ၅၄ပေ) ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းဦး (၁၂/လသန(နိုင်)၀၀၉၁၃၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
|---|---|
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| Hein Htet San Law Firm | ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆ |

## ဖခင်အမည်မှန်

အမ်းမြို့နယ်၊ တပ်တောင်မြို့နေ ဦးဇော်ဇော်ဦး၏ဖခင် ဦးဝေချမ်းအောင်၏ အမည်မှန်မှာ ဦးဝေချမ်းစိန်ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၅-၁၉၈၅ ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ဦး**
**၁၁/အမန(နိုင်)၀၄၃၉၅၁**

## ဖခင်အမည်မှန်

အထက ပေါက်တော ကျောင်း Grade-10 (S-1)မှ မငြိမ်းအေးသူ၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၁၁/ကဖန(နိုင်)၀၄၀၆၀၆ ဖြစ်ပါကြောင်း။

**ဦးကိုကိုနိုင်**

## မိခင်အမည်မှန်

နတ်တလင်းမြို့၊ မြို့မ အထက ဒသမတန်းမှ မပွင့်ဖြူခင် ၏ မိခင်အမည်မှန်မှာ ဒေါ်သန္တာအေး ၇/နတလ(နိုင်)၁၁၅၂၂၃ ဖြစ်ပါသည်။

**ဒေါ်သန္တာအေး**

## မွေးသက္ကရာဇ်အမှန်

ဦးအောင်ဇော်ဦး၏ သား ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့ အထက(မြို့မ) Grade-9(A) မှ မောင်မင်းခန့်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၄-၂၀၀၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/2720 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## အလိမ္မာ စာမှာရှိ

## ပဲခူးတက္ကသိုလ်
## နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင်နှင့် ပထမအကြိမ်ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ပဲခူးတက္ကသိုလ် ၂၀၁၉-၂၀၂၀ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ပညာသင်နှစ်(နေ့သင်တန်း)မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ ဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များနှင့် ၂၀၁၉ ပညာသင်နှစ်၊ ၂၀၂၂ ပညာသင်နှစ်(အဝေးသင်သင်တန်း)များ၏ ဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် ၁၆-၁-၂၀၂၃ ရက်နေ့မှ ၃-၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**နဝမအကြိမ်ဘွဲ့နှင်းသဘင်(နေ့သင်တန်း)**

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ သမိုင်း၊ | ၂-၃-၂၀၂၃ | ၃-၃-၂၀၂၃ | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် |
| မဟာသိပ္ပံဘွဲ့ | ဓါတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ | (ကြာသပတေးနေ့) | (သောကြာနေ့) | |
| | သတ္တဗေဒ၊ ရုက္ခဗေဒ၊ | နံနက် ၈:၃၀နာရီ | နံနက် ၉ နာရီ | |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ ဒဿနိကဗေဒ၊ | ခန်းမ(အရှေ့ခြမ်း) | ပ-နံနက် | |
| | အရှေ့တိုင်းပညာ၊ | | | |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓါတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ | | | |
| | သတ္တဗေဒ၊ ဘူမိဗေဒ၊ | | | |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ၊ သမိုင်း၊ အရှေ့တိုင်းပညာ၊ | | | |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ | | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ သမိုင်း | ၂-၃-၂၀၂၃ | ၃-၃-၂၀၂၃ | ၂၀၂၁-၂၀၂၂ ပညာသင်နှစ် |
| မဟာသိပ္ပံဘွဲ့ | ဓါတုဗေဒ၊ ရူပဗေဒ၊ | (ကြာသပတေးနေ့) | (သောကြာနေ့) | |
| | သတ္တဗေဒ၊ ရုက္ခဗေဒ | နံနက် ၈:၃၀နာရီ | မွန်းလွဲ ၂နာရီ | |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း၊ အရှေ့တိုင်းပညာ၊ | ခန်းမ(အနောက်ခြမ်း) | ပ-ညနေ | |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓါတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ | | | |
| | သတ္တဗေဒ၊ ရုက္ခဗေဒ၊ | | | ၂၀၁၉-၂၀၂၀ ပညာသင်နှစ် |
| ဝိဇ္ဇာရိုးရိုးဘွဲ့ | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ | | | |
| သိပ္ပံရိုးရိုးဘွဲ့ | ဓါတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ | | | |

**ပထမအကြိမ်ဘွဲ့နှင်းသဘင်(အဝေးသင် သင်တန်း)**

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၁မှ ၄မ-၁၈၃)ထိ၊ | ၂-၃-၂၀၂၃ | ၄-၃-၂၀၂၃ | ၂၀၁၉ ပညာသင်နှစ် |
| | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ | (ကြာသပတေးနေ့) | (စနေနေ့) | |
| | စိတ်ပညာ၊ | နံနက် ၁၁:၀၀နာရီ | နံနက် ၉ နာရီ | |
| | (၂၀၁၉ + ၂၀၂၂ ပညာသင်နှစ်)၊ | ခန်းမ(ရှေ့ခြမ်း) | ဒု-နံနက် | |
| | အရှေ့တိုင်းပညာ | | | |
| | (၂၀၁၉ + ၂၀၂၂ ပညာသင်နှစ်) | | | |
| သိပ္ပံရိုးရိုးဘွဲ့ | သတ္တဗေဒ၊ | | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၁၈၄မှ ၃၉၁)ထိ၊ | ၂-၃-၂၀၂၃ | ၄-၃-၂၀၂၃ | ၂၀၁၉ ပညာသင်နှစ် |
| | ဥပဒေပညာ ၊ စီးပွားရေး | (ကြာသပတေးနေ့) | (စနေနေ့) | |
| | | နံနက် ၁၁:၀၀ နာရီ | မွန်းလွဲ ၂ နာရီ | |
| | | ခန်းမ(အလယ်ခြမ်း) | ဒု-ညနေ | |
| သိပ္ပံရိုးရိုးဘွဲ့ | သင်္ချာ၊ ဓါတုဗေဒ၊ ရုက္ခဗေဒ၊ | | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၃၉၂မှ ၆၃၃)ထိ၊ | ၂-၃-၂၀၂၃ | ၅-၃-၂၀၂၃ | ၂၀၁၉ ပညာသင်နှစ် |
| | သမိုင်း ၊ စီးပွားစီမံ၊ | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) | |
| | | နံနက် ၁၁:၀၀ နာရီ | နံနက် ၉ နာရီ | |
| | | ခန်းမ(အနောက်ခြမ်း) | တ-နံနက် | |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ၊ | | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၄မှ၄၂၃)ထိ၊ | ၂-၃-၂၀၂၃ | ၅-၃-၂၀၂၃ | ၂၀၂၂ ပညာသင်နှစ် |
| | အင်္ဂလိပ်စာ ၊ | (ကြာသပတေးနေ့) | (တနင်္ဂနွေနေ့) | |
| | ဒဿနိကဗေဒ၊ | မွန်းလွဲ ၂:၀၀နာရီ | မွန်းလွဲ ၂:၀၀နာရီ | |
| | (၂၀၁၉ + ၂၀၂၂ ပညာသင်နှစ်) | ခန်းမ(ရှေ့ခြမ်း) | တ-ညနေ | |
| သိပ္ပံရိုးရိုးဘွဲ့ | ဓါတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ | | | |

| အတန်း | အထူးပြု | အစမ်းလေ့ကျင့်ရက် | ဘွဲ့နှင်းသဘင်ရက် | |
|---|---|---|---|---|
| ဝိဇ္ဇာရိုးရိုးဘွဲ့ | မြန်မာစာ(၄မ-၄၃၃မှ ၈၂၄)ထိ၊ | ၂-၃-၂၀၂၃ | ၆-၃-၂၀၂၃ | ၂၀၂၂ ပညာသင်နှစ် |
| | ပထဝီဝင်၊ သမိုင်း၊ | (ကြာသပတေးနေ့) | (တနင်္လာနေ့) | |
| | | မွန်းလွဲ ၂:၀၀နာရီ | နံနက် ၉:၀၀နာရီ | |
| | | ခန်းမ(အနောက်ခြမ်း) | စ-နံနက် | |
| သိပ္ပံရိုးရိုးဘွဲ့ | ရူပဗေဒ၊ သင်္ချာ၊ | | | |

၂။ ဘွဲ့အသီးသီးသို့ တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံ(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရမည်။ (အဆိုပါအစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ)။

၃။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၂၅-၂-၂၀၂၃ရက် စနေနေ့ နံနက်(၉:၃၀)နာရီမှ စတင်၍ ပဲခူးတက္ကသိုလ် (သင်တန်းရေးရာ)ဌာနတွင် ထုတ်ပေးပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတက္ကသိုလ်(သင်တန်းရေးရာ)ဌာန ဖုန်း ၀၉-၇၇၇၆၆၄၇၃၉ ၊ ၀၉-၄၂၀၀၅၈၀၃၉ ၊ ၀၉-၆၈၆၅၄၅၁၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(သန့်ဇင်ဦး)**
**ဌာနမှူး-သင်တန်းရေးရာဌာန**
**ပဲခူးတက္ကသိုလ်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၁၀/ဃ-အ.ထ.က-၄၊ အရှေ့)၊ ဦးပိုင်အမှတ် (၄၃)၊ ဧရိယာ ၀ဒသမ ၁၈၀ကေအား မြေဂရန်အမှုတွဲအမှတ် ၈၉၄-၅/၂၀၁၆-၁၇(အေ)ဖြင့် ဦးစိုင်းပထွန်း ၁၃/လရန(နိုင်) ၁၁၂၉၃၀မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးနီလင်းအောင် ၉/မခန(နိုင်)၁၄၉၁၇၂မှ အရောင်းအဝယ်စာချုပ်အမှတ် (၅၉၄I/၂၀၂၂)ဖြင့် ဒေါ်နီနီတင် ၉/မခန(နိုင်) ၀၂၅၃၀၄ ထံသို့ ရောင်းချပြီးဖြစ်၍ ဒေါ်နီနီတင် အမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါကအထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ် (၁၀/ဃ-အ.ထ.က-၄၊ အရှေ့)၊ ဦးပိုင် (၄၄)၊ ဧရိယာ ၀ဒသမ၂၈၆ ကေအား မြေဂရန်အမှုတွဲအမှတ် ၈၉၃-၅/၂၀၁၆-၁၇(အေ)ဖြင့် ဒေါ်နန်းအေးစိန် ၁၃/လရန(နိုင်)၁၁၂၈၉၄မှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၎င်း၏ အထူး ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးနီလင်းအောင် ၉/မခန(နိုင်) ၁၄၉၁၇၂မှ အရောင်းအဝယ်စာချုပ်အမှတ် (၅၉၃I/၂၀၂၂)ဖြင့် ဒေါ်နီနီတင် ၉/မခန(နိုင်)၀၂၅၃၀၄ထံသို့ ရောင်းချပြီးဖြစ်၍ ဒေါ်နီနီတင် အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၆)၊ နယ်မြေ(၉)၊ အကွက်အမှတ်(အမက-၂၀ ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၆/၅၂)၊ မြေချိန်ဧရိယာ(၀ဒသမ၀၈၃)ကေရှိ မြေငှားဂရန်အမှုတွဲအမှတ်(၄၉၅-၅/၂၀၀၉-၂၀၁၀(A)၊ ဦးရှောက်ဖူး အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး၊ ၎င်းသည် ၂၅-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ရှောက်ဆန်းမှ ၉-၆-၂၀၂၂ရက်တွင် စာချုပ်အမှတ် (၃၄၂ IV/၂၀၂၂)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၃၁-၈-၂၀၂၂ရက်တွင် စာချုပ်အမှတ်(၄၂၁I/၂၀၂၂)ဖြင့် ဒေါ်စန္ဒာဝင်း(ခ)ချင်မှိုင်းထံသို့ မြေကွက်၏အရှေ့ဘက်ခြမ်း ဧရိယာ(၀ဒသမ၀၆၆)ကေအား ရောင်းချပေးခဲ့ပြီးဖြစ်၍ ဒေါ်စန္ဒာဝင်း(ခ)ချင်မှိုင်း ၁၃/လရန(နိုင်) ၀၈၁၅၄၄ မှ ဦးပိုင်ခွဲ စိတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀ အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ပဲခူးတက္ကသိုလ်
### အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ပဲခူးတက္ကသိုလ် နဝမအကြိမ်နှင့် အဝေးသင်-သင်တန်း ပထမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီက ၂၀၂၃ ခုနှစ်၊ မတ်လ ( ၂၊ ၃၊ ၄၊ ၅၊ ၆ )ရက်တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမ(အတွင်း+အပြင်)ဓာတ်ပုံမှတ်တမ်းရိုက်ကူးရေး လုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့် တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို (၁၃-၂-၂၀၂၃)ရက်မှ စတင်၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင်(၃၀၀၀ိ/-) (သုံးထောင်ကျပ်တိတိ)ဖြင့် ဌာနမှူး(ဘဏ္ဍာ)ရုံးခန်းတွင် မိမိတို့လုပ်ကိုင်လျက်ရှိသည့် ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး (၂၀-၂-၂၀၂၃) မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလျှောက်လွှာ တစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုင်တိုင် ပဲခူးတက္ကသိုလ် ဓာတ်ပုံတင်ဒါခေါ်ယူရေးစိစစ်ရေးကော်မတီသို့ လာရောက်တင်သွင်းရမည်။ (၂၀-၂-၂၀၂၃)ရက် (၂:၀၀)နာရီတွင် စိစစ်ရွေးချယ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၇၇၆၆၄၇၃၉၊ ၀၉-၄၂၀၀၅၈၀၃၉ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ဓာတ်ပုံတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ပဲခူးတက္ကသိုလ်**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/4853 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၇)၊ အကွက်အမှတ် (အောင်စေတနာ တိုးချဲ့)၊ ဦးပိုင်(ဘီ/၁)၊ ဧရိယာ(၀ဒသမ၀၈၂)ကေ၊ အမှုတွဲအမှတ်(၂၇၄-၅/၂၀၀၈-၂၀၀၉(စီ)ရှိ မြေအား ဗိုလ်မှူးကြီးသောင်းရွှေ ၁၀/ကထန(နိုင်) ၀၂၅၇၁၇ အမည်ပေါက်ပိုင်ဆိုင်၍ ၎င်း၏ SP ရရှိသူ ဦးစိုင်းထွန်းကိုကိုမှ စာချုပ်အမှတ် (၅၈၅I /၂၀၂၂)ဖြင့် (၁၄-၁၁-၂၀၂၂)ရက်တွင် ဦးအောင်မျိုးသန့် ၁၃/လရန(နိုင်) ၀၁၈၇၀၄၆မှဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသဖြင့်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

သိန္နီမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅/ဟိုနောင်ရပ်)၊ ဦးပိုင်အမှတ်(၅၁)၊ မြေချိန်ဧရိယာ(၀ဒသမ၁၅၉)ကေရှိ ဒေါ်နန်းကြည်ကြည်ဝင်း အမည်ဖြင့် (၁၀)နှစ် မြေငှားဂရန်ရရှိထားသည့် မြေကွက်အား CB BANK PCL(ကိုယ်စား)ဦးကျော်ဝဏ္ဏလင်း ၉/မဟမ(နိုင်)၀၀၃၀၂၃ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သိန္နီမြို့**

### အမည်ပြောင်း

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ အထက (၄)၊ Grade-11 မှ (ဘ)ဦးအောင်ရွှေစိန်၏ သမီး မစိုးနန္ဒာထွန်း အား မအိမြတ်သူ ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမြတ်သူ**

### အမည်မှန်နှင့် ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ အထက (နောင်မွန်) Grade-3(A) မှ မနန်းထက်ရေသွန်း၏ အမည်မှန်မှာ မနန်းထက်ရည်သွန်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလီကျိန်းရီ ၁၃/လရန(နိုင်) ၁၁၈၅၃၂ ဖြစ်ပါကြောင်း။

**ဦးလီကျိန်းရီ**

### ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ အထက (နောင်မွန်) Grade-4(B)မှ မောင်မင်းလပြည့်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးလီကျိန်းရီ ၁၃/လရန(နိုင်) ၁၁၈၅၃၂ ဖြစ်ပါကြောင်း။

**ဦးလီကျိန်းရီ**

### အမည်မှန်နှင့် ဖခင်အမည်မှန်

လားရှိုးမြို့နယ်၊ အထက (နောင်မွန်) Grade-10မှ မောင်အိုက်လောက်၏ အမည်မှန်မှာ မောင်အိုက်ဆိုင် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကွမ်မွေ ဖြစ်ပါကြောင်း။

**ဦးကွမ်မွေ**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/H၊ မြေကွက်အမှတ်(၉/A-3)၊ ဒေါ်မေဂျာလှသင်း၊ ဒေါ်ထားထား၊ ကပ္ပတိန်သာထွန်း၊ ဒေါ်ကြူးရင်တို့(၄)ဦးအမည်ပေါက် ဧရိယာ(၁ဒသမ၁၄)ကေ အကျယ်ရှိ B (အိမ်ရာမြေ)အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁ဒသမ၀၂)ကေ အကျယ်ရှိ မြေကွက်နှင့်တကွယင်း မြေကွက်ပေါ်ရှိ အမှတ် ၆၀/အေ၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် ရွှေနံ့သာဟိုတယ်(လုပ်ငန်းနှင့်လုပ်ငန်းလိုင်စင်)အဆောက်အအုံများ၊ ရေ၊ မီး၊ လျှပ်စစ်မီတာ(နှစ်လုံး)အပါအဝင်အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၏ (၂၉-၁၂-၂၀၂၂)ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ်(၁/၉၅၇၀)အရ ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားအကျိုးခံစားလျက်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ခင်ဝါဝါ ၁၂/ကတတ(နိုင်) ၀၁၅၄၂၂ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေက ပေးချေထားပြီးဖြစ်ပါသည်။

